ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

**မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍**
**အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ သောကြာနေ့။ Friday, 20 October 2023 ၁၁၂၅၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

## ပညာရေး၊ ကျန်းမာရေးနှင့် ခရီးသွားကဏ္ဍများအပြင် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးတို့ တက်ရောက်ကြပြီး စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



**ရင်းရင်းနှီးနှီး နှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ကြေးမုံ

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီအစည်းအဝေး အမှတ်စဉ် (၈/၂၀၂၃) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသည့် လုပ်ငန်းများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုအတွက် အထောက်အကူပြုသည့်လုပ်ငန်းများဖြစ်သဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲက နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးအတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) လုပ်ငန်းများကို မြှင့်တင်အားပေးလျက်ရှိသည့်နည်းတူ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကိုလည်း တိုးတက်အောင်မြင်လာအောင်ဆောင်ရွက်စေရန် တွန်းအားပေးလျက်ရှိသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် နိုင်ငံတော်ဘတ်ဂျက်ဖြင့် နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာအောင် ဆောင်ရွက်ရသည့်လုပ်ငန်းများဖြစ်၍ ရည်မှန်းချက်အတိုင်း တိုးတက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

အစောပိုင်းခေတ်ကာလများက နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကိုသာ အဓိကမှီခိုအားထားဆောင်ရွက်ခဲ့ပြီး ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးသောအခါ ဝန်ကြီးဌာနအချို့ရှိ စီးပွားရေးလုပ်ငန်းများမှာ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမရှိသဖြင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာပိုင်းဆိုင်ရာနှင့် လူသားအရင်းအမြစ်လိုအပ်ချက်ကြောင့်လည်းကောင်း အချို့ဖျက်သိမ်းခြင်းများရှိသကဲ့သို့ အချို့ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်များပေးခြင်းနှင့် ဖက်စပ်လုပ်ကိုင်ခြင်းများရှိခဲ့သည်။ ပြီးခဲ့သည့် အစိုးရလက်ထက်တွင် ဝန်ကြီးဌာနများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းအချို့ ရပ်တန့်ခဲ့သဖြင့် နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုးများ ဖြစ်ပေါ်စေခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် လည်ပတ်သင့်သည့် စက်ရုံများနှင့်လုပ်ငန်းများကို ပြန်လည်လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ အလားတူ ဝန်ကြီးဌာနများ၌ လည်ပတ်နိုင်မှုမရှိဘဲ ရပ်တန့်နေသော လုပ်ငန်းကဏ္ဍများ၊ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းဆောင်ရွက်ရန် မြေနေရာများရယူထားပြီး လုပ်ငန်းများဆောင်ရွက်နိုင်ခြင်းမရှိသည့် လုပ်ငန်းများလည်းရှိခဲ့သည်။ ယင်းတို့နှင့်ပတ်သက်၍ လုပ်ငန်းလည်ပတ်နိုင်မည့်၊ ကုန်ထုတ်လုပ်မှုဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းများက နိုင်ငံ၏ အကျိုးစီးပွားကိုရှေးရှု၍ မဖြစ်မနေကြိုးပမ်း လုပ်ဆောင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းထားခဲ့ရသည့် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးသည် အလွန်အရေးကြီးသည်။ နိုင်ငံပိုင်စက်ရုံများ ရပ်ဆိုင်းထားရခြင်းကြောင့် နိုင်ငံ့ဘဏ္ဍာငွေဖြင့် ရင်းနှီးမြှုပ်နှံထားသည့် စက်ကိရိယာပစ္စည်းများ ပျက်စီးယိုယွင်းနိုင်သည့်အပြင် ဝန်ဆောင်မှုနှင့်လုပ်ခလစာငွေများ အပိုကုန်ကျမှုဖြစ်ပေါ်စေသည်။ သာဓကအားဖြင့် မြန်မာနိုင်ငံတွင် အစဉ်အဆက်ရှိခဲ့သည့် ရေနံချက်စက်ရုံကဲ့သို့သော စက်မှု၊ ဓာတုဗေဒစီမံကိန်းများ ရပ်ဆိုင်းထားရခြင်းကြောင့် စက်ရုံတွင် အသုံးပြုထားရသည့်အစိတ်အပိုင်းများ ပျက်စီးသွားနိုင်သဖြင့် ပြန်လည်လည်ပတ်နိုင်အောင် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ကမ္ဘာပေါ်၌ စွမ်းအင်လိုအပ်ချက်မြင့်မားလျက်ရှိပြီး နိုင်ငံတကာရှိ ရေနံချက်စက်ရုံများသည် ကုန်ကြမ်းပမာဏ၏ ၉၀ ရာခိုင်နှုန်းကျော်အထိ ကုန်ချောထုတ်လုပ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ရေနံကို စီးပွားဖြစ်အမြောက်အမြားမထုတ်လုပ်နိုင်သော်လည်း အတိုင်းအတာတစ်ခုအထိထုတ်လုပ်နိုင်သည်။ လက်ရှိနိုင်ငံပိုင် ရေနံချက်စက်ရုံများ၏ ရေနံထွက်ပစ္စည်းထုတ်လုပ်မှုသည် ပြည်တွင်းသုံးစွဲမှု၏ သုံးရာခိုင်နှုန်းသာ ထုတ်လုပ်ပေးနိုင်သည့်အတွက် ပြည်တွင်းစက်သုံးဆီသုံးစွဲမှုဖူလုံစေရန် ပြည်ပမှ နိုင်ငံခြားငွေအမြောက်အမြား အကုန်အကျခံပြီး တင်သွင်းနေရသည်။ ထို့ကြောင့် ပြည်ပသွင်းကုန်များ လျှော့ချနိုင်အောင် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်တွင်းစွမ်းအင်သုံးစွဲမှုကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ ကြိုးပမ်းရှာဖွေတူးဖော်ထုတ်လုပ်ရန်လိုအပ်သကဲ့သို့ ထုတ်လုပ်ရရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့များကို စီးပွားရေးအရ တွက်ခြေကိုက်စေရန်နှင့် အကျိုးရှိထိရောက်စွာအသုံးချနိုင်စေရန် စနစ်တကျတွက်ချက်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ရေနံစိမ်းများချက်လုပ်ရေးအတွက် စွမ်းအားပြည့်လည်ပတ်နိုင်ရေး၊ အဆင့်မြှင့်တင်မွမ်းမံရေးအတွက် လိုအပ်သည့်နည်းပညာနှင့် အရင်းအနှီးများရရှိရေးအတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ ဆောင်ရွက်မည်ဟု သိရသည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာရေးအတွက် ရပ်နားထားသည့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး၊ လည်ပတ်နေသော စက်ရုံ၊ အလုပ်ရုံများ အဆင့်မီမီ စွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ အားပေးမြှင့်တင်ဆောင်ရွက်ပေးမှုများကို စနစ်တကျ ထိရောက်စွာအသုံးချ၍ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၉၉ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်
(၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

### မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးသန်းထွန်းအောင် အား မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၉။ ။ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီး အောက်တိုဘာ ၂၃ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၉ - ၁၀ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၅၃၀ | ၄,၇၁၇,၀၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၂,၈၉၁ | ၈,၅၇၃,၀၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၂၀၄ | ၃၄၆,၈၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၂၂၀ | ၅၇၂,၀၀၀ |
| EFR | ၂,၁၅၀ | ၂,၁၀၀ | ၆၉၀ | ၁,၄၅၈,၇၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၀ | ၉၈,၀၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၂၃၈ | ၄၁၆,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich အား လက်ခံတွေ့ဆုံစဉ်။

**✰ ရှေ့ဖုံးမှ**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် ခရီးသွားကဏ္ဍများအပြင် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ အဆင့်မြင့်ပညာသင်ကြားရေးဆိုင်ရာများတွင် အပြန်အလှန်ဖလှယ်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုများ တိုးမြှင့်ရေးအတွက် ရုရှားနိုင်ငံ၌ ကောင်စစ်ဝန်ရုံးများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်ဒေသရှိ မြို့တစ်မြို့နှင့် မြန်မာနိုင်ငံရှိ မြို့တစ်မြို့တို့အကြား Sister Cities အဖြစ် ဆောင်ရွက်သွားမည့်အခြေအနေများ၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာများ အပြန်အလှန်ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားကဏ္ဍမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ခုနှစ် မြန်မာ-တရုတ် အမြွှာညီအစ်မမြို့တော် မီဒီယာဖိုရမ် (2023 China-Myanmar Twin City Media Forum ) ကျင်းပရေး အစည်းအဝေးသို့ တက်ရောက်ဆွေးနွေး

**မန္တလေး အောက်တိုဘာ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးမြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် မြန်မာ – တရုတ် အမြွှာညီအစ်မမြို့တော် မီဒီယာဖိုရမ် (2023 China–Myanmar Twin City Media Forum) အောင်မြင်စွာ ကျင်းပနိုင်ရေး အစည်းအဝေးသို့ တက်ရောက် ဆွေးနွေးမှာကြားသည်။

**ပါဝင်တက်ရောက်ဆွေးနွေး**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ တရုတ်ကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူများ တရုတ်မြန်မာချစ်ကြည်ရေးအသင်း၊ ကွမ်တုံးဗုဒ္ဓဘာသာဘုရားကျောင်း၊ ဖုကျန့်ဗုဒ္ဓဘာသာဘုရားကျောင်းနှင့် ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ တာဝန်ရှိသူများက အွန်လိုင်းမှ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ် မြန်မာ–တရုတ် Twin City မီဒီယာဖိုရမ်အား မြန်မာနိုင်ငံတွင် လာရောက်ကျင်းပရေးနှင့်စပ်လျဉ်း၍ စက်တင်ဘာ ၂၅ ရက်က ယူနန်ပြည်နယ် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတွင်း ပြန်ကြားရေးစင်တာမှ အမှုဆောင်အယ်ဒီတာချုပ် မစ္စတာကျန့်ရော့ကူ ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပြီး Twin City မီဒီယာဖိုရမ်ကို မြန်မာနိုင်ငံတွင် ကျင်းပရန် ပဏာမဆွေးနွေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ကူမင်းမြို့နှင့် မန္တလေးမြို့တို့သည် Twin City, Sister Cities များဖြစ်သဖြင့် ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့တွင် ကျင်းပပြုလုပ်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာ–တရုတ် Twin City မီဒီယာဖိုရမ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့နှင့် မန်စီမြို့တို့တွင် သုံးကြိမ်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး ယခု မြန်မာနိုင်ငံတွင် ပထမဦးဆုံး ကျင်းပပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ Twin City မီဒီယာဖိုရမ်သည် နှစ်နိုင်ငံချစ်ကြည်ရေး၊ သတင်းတု/ သတင်းမှား တိုက်ဖျက်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းများဖြစ်သည့်အတွက် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က မြန်မာ–တရုတ် Twin City မီဒီယာဖိုရမ်ဖွင့်ပွဲအခမ်းအနားကြီးကို မန္တလေးမြို့၌ လာရောက်ကျင်းပသည့်အတွက် အထူးပင်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ၂၀၂၃ ခုနှစ် မြန်မာ–တရုတ် Twin City မီဒီယာဖိုရမ်ကျင်းပရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ယူနန်ပြည်နယ်မှ ကိုယ်စားလှယ်က Forum လုပ်ဆောင်မည့် အစီအစဉ်များကို အွန်လိုင်းမှတစ်ဆင့် ပါဝင်ဆွေးနွေးသည်။



ဆက်လက်၍ တက်ရောက်လာသူများက ဖိုရမ် အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။ မြန်မာ–တရုတ် Twin City မီဒီယာဖိုရမ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ စတုတ္ထပတ်ခန့်တွင် မန္တလေးမြို့ ရတနာပုံခန်းမ၌ လည်းကောင်း၊ ဖိုရမ်ဆွေးနွေးပွဲကို နေပြည်တော်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများသည် အခမ်းအနားကျင်းပမည့် မန္တလေးမြို့ရှိ ရတနာပုံခန်းမကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** ရတနာပုံခန်းမကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၃၀ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး မန္တလေးမြို့ ၇၈ လမ်း၊ ၃၈ လမ်းထောင့် မြေဧရိယာ ၆ ဧကပေါ်တွင် ဆောက်လုပ်ထားရှိသည်။ ရတနာပုံခန်းမဖွင့်ပွဲအခမ်းအနားကို ၁၇–၅ –၂၀၂၁ ရက်နေ့တွင် ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ရတနာပုံခန်းမမှ ဆောင်ရွက်ပေးနိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများတွင် မင်္ဂလာဆောင်အခမ်းအနားများ၊ ညစာစားပွဲများ၊ မွေးနေ့ပါတီပွဲများ၊ နှစ်ပတ်လည်အခမ်းအနားများ၊ မိတ်ဆုံစားပွဲများ၊ စာတမ်းဖတ်ပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဘွဲ့နှင်းသဘင်အခမ်းအနားများ၊ ဖျော်ဖြေရေးနှင့် ဈေးကွက် မြှင့်တင်ရေးပွဲများ ပါဝင်သည့်အတွက် ၂၀၂၃ ခုနှစ် မြန်မာ–တရုတ် အမြွှာညီအစ်မမြို့တော် မီဒီယာဖိုရမ်ကို ရတနာပုံခန်းမတွင် ကျင်းပရန် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ရတနာပုံခန်းမ Ground Floor တွင် ဝန်ဆောင်မှုပေးနိုင်သည့် အခန်း ခြောက်ခန်းပါရှိပြီး ပထမထပ်တွင် အခန်း ငါးခန်းပါရှိကာ ရတနာပုံခန်းမအပေါ်ဆင့်တွင် လူဦးရေ ၂၂၂ ဦး ဝင်ဆံ့သည့် အခန်း၊ ကားရပ်နားရန်နေရာနှင့် ဆိုင်ကယ်ရပ်နားရန် နေရာများ ပါဝင်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မန္တလေးရုံးခွဲ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၊ မန္တလေးပုံနှိပ်စက်ရုံ၊ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) တို့မှ ဝန်ထမ်းများအားတွေ့ဆုံမှာကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **သတင်းစဉ်**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်း အသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၁၇–၁၀–၂၀၂၃) နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၃၁–၇–၂၀၂၃) နေ့မှ (၂၉–၉–၂၀၂၃)နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်းတစ်ဦးနှင့် အထွေထွေ ၁၈ ဦး ပေါင်း ၂၀ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ တစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀–၁၀–၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၃၄၀ ဦးနှင့် သတင်းအေဂျင်စီ လုပ်ငန်း ၄၀၆ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၄၄၄ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို
တတ်နိုင်သမျှ လျှော့စားစို့

## ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် အင်းလေးရိုးရာလှေပြိုင်ပွဲ တက်ရောက်၍ ဆုများချီးမြှင့်

**ညောင်ရွှေ အောက်တိုဘာ ၁၉**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့်တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့နယ် အင်းလေးရေလယ် ဗိုလ်တဲတွင် အင်းလေးရိုးရာ လှေပြိုင်ပွဲ အုပ်စုအဆင့် ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။



ယနေ့ အမျိုးသား (၄၆) တက် လှေပြိုင်ပွဲတွင် အိုင်ထောင့်ကြီးရွာ၊ မိုင်းသောက်ရွာ၊ စည်သာရွာ၊ ရေသာကုန်းရွာ၊ ကျွန်းကြီးမြောက်ရွာ၊ ကေလာရွာ၊ မြောင်းဝကြီးရွာ၊ ရေမဲပင်ရွာတို့ ယှဉ်ပြိုင်ကြ၍ အမျိုးသားရာကျော်လှေပြိုင်ပွဲတွင် လယ်သစ်အောက်ရွာ၊ မင်းချောင်းအရှေ့ရွာ၊ ကေလာရွာ၊ အိုင်ထောင့်ကြီးရွာ၊ ရှေ့ဝကြီးရွာ၊ ရွှေပြည်သာရွာ၊ မိုင်းသောက်အင်းရွာ၊ မြောင်းဝကြီးရွာတို့ ယှဉ်ပြိုင်ကြပြီး အမျိုးသမီး(၂၆)တက် လှေပြိုင်ပွဲတွင် အိုင်ထောင့်ကြီး(က) အသင်းနှင့် အိုင်ထောင့်ကြီး(ခ)တို့ ယှဉ်ပြိုင်ကြကာ ဆုချီးမြှင့်ပွဲကို ကျင်းပရာ(၄၆)တက် လှေပြိုင်ပွဲတွင် ဆုရရှိသော အိုင်ထောင့်ကြီးရွာ၊ စည်သာရွာ၊ ကေလာရွာ၊ မြောင်းဝကြီးရွာတို့ကိုပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က လည်းကောင်း၊ အမျိုးသား ရာကျော် လှေပြိုင်ပွဲတွင် လယ်သစ်အောက်ရွာ၊ ကေလာရွာ၊ ရွှေပြည်သာရွာ၊ မြောင်းဝကြီးရွာတို့ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က လည်းကောင်း ဆုများချီးမြှင့်ပေးကြပြီး အမျိုးသမီး (၂၆) တက် လှေပြိုင်ပွဲတွင် ဆုရရှိသော အိုင်ထောင့်ကြီး (ခ)အသင်းကို ရှမ်းပြည်နယ် ဝန်ကြီးချုပ်၏ ဇနီးက ဆုချီးမြှင့်ပေးခဲ့သည်။

အဆိုပါ အင်းလေးရိုးရာလှေပြိုင်ပွဲတွင် ရာကျော်လှေ ရှစ်သင်း၊ (၄၆) တက် လှေရှစ်သင်း အုပ်စုပွဲနှင့် အမျိုးသမီး (၂၆) တက် လှေပြိုင်ပွဲများ ယှဉ်ပြိုင်ကျင်းပပြီး အနိုင်ရရှိသည့် အသင်းများသည် ညောင်ရွှေမြို့သို့ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်များ ကြွချီအပူဇော်ခံမည့် အောက်တိုဘာ ၂၁ ရက်တွင် ဗိုလ်လုပွဲအဖြစ် စည်ကားသိုက်မြိုက်စွာ ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးစပါးရိတ်သိမ်းမည့် တောင်သူလယ်သမားများသို့ ကြိုတင်အသိပေး နှိုးဆော်ချက်

၁။ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးများ ရိတ်သိမ်းကြရာတွင် စပါးရိတ်သိမ်းခြွေလှေ့စက် (Combine Harvester)များ အသုံးပြုပြီး ရိတ်သိမ်းခြွေလှေ့ခြင်းဖြင့် (က)အချိန်ကုန်သက်သာခြင်း (ခ)အလေအလွင့်နည်းပါးခြင်း (ဂ)ဆန်အရည်အသွေးကောင်းမွန်ခြင်း (ဃ)လူလုပ်အားအစားထိုးနိုင်ခြင်း၊ (င)စီးပွားရေးတွက်ခြေကိုက်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသည်။

၂။ စပါးရိတ်သိမ်းခြွေလှေ့စက်ပိုင်ရှင်များအနေဖြင့် လုပ်ငန်းခွင်မဝင်ရောက်မီကတည်းက မိမိတို့၏ စက်များကို ကြံ့ခိုင်ထိန်းသိမ်းပြုပြင်မှုများ အချိန်နှင့်တစ်ပြေးညီ စနစ်တကျ ဆောင်ရွက်ထားကြရန် လိုအပ်ပါသည်။

၃။ ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်မည့် စက်မောင်းသူများအနေဖြင့် ရိတ်သိမ်းခြွေလှေ့စက်များကို ကျွမ်းကျင်စွာ မောင်းနှင်နိုင်မှသာ စပါးအလေအလွင့်နည်းမည်ဖြစ်၍ ကြိုတင်၍ လေ့ကျင့်သင်ကြားထားရန် လိုအပ်မည်ဖြစ်ပါသည်။

၄။ ရိတ်သိမ်းရာတွင် စပါးများ အလေအလွင့်နည်းပါးစေရန်အတွက် စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းမည့်လယ်ကွက်များအား မရိတ်သိမ်းမီ ရေကိုပြောင်စင်အောင် ထုတ်ထားကြပြီး စက်မောင်းနှင်ရန်အတွက် သင့်တော်သည့် မြေအနေအထားရရှိအောင် ကြိုတင်ဆောင်ရွက်ထားကြရန်နှင့် စပါးများကို မောင်းညိုချိန်တွင် ရိတ်သိမ်းကြရန် လိုအပ်မည်ဖြစ်ပါသည်။

၅။ ပေါင်းများသောစပါးခင်းများ၊ လဲနေသောစပါးခင်းများကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းမည်ဆိုပါက အလေအလွင့်အနည်းငယ်ရှိနိုင်ပြီး ကျွမ်းကျင်သော စက်မောင်းသမားများဖြင့် ရိတ်သိမ်းရန် လိုအပ်မည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားများအပါအဝင် စပါးသီးနှံစိုက်ပျိုးထုတ်လုပ် ရောင်းဝယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသော လုပ်ငန်းရှင်များအနေဖြင့် မိုးစပါးများ ရိတ်သိမ်းခြွေလှေ့ကြရာတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြရန်နှင့် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနများနှင့် စက်မှုလယ်ယာဦးစီးဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီအစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၉**

ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေး ဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဦးဆောင်ကော်မတီအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရေးနှင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးစေရေးတို့အတွက် တောင်သူများ၏စိုက်ပျိုးရေးလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော စံချိန်စံညွှန်းပြည့်ဝသည့် ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများကို ဈေးနှုန်းသက်သာစွာအချိန်မီ ဖြန့်ဖြူးရောင်းချပေးနိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊



၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း သွင်းအားစုများ လိုအပ်ချက်အနေဖြင့် ယခုလာမည့် ဆောင်းရာသီ၌ ဆီထွက်သီးနှံများအပါအဝင် သီးနှံ ၁၀ မျိုးနှင့် နွေစပါးစိုက်ဧက ၁၀ ဒသမ ၅၃ သန်းခန့်အတွက် ပန်းတိုင်းအထွက်တိုးရေးစံနှုန်းအရ သုံးစွဲမည်ဆိုပါက မြေဩဇာမက်ထရစ်တန်ချိန် ၁ ဒသမ ၁ သန်းခန့် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆောင်းဆီထွက်သီးနှံနှင့် နွေစပါးစီမံကိန်းတို့အပါအဝင် ဆောင်းရာသီသီးနှံများအတွက် တောင်သူများလိုအပ်သော သွင်းအားစုများ အချိန်မီရရှိပြီး ဈေးနှုန်းသက်သာစွာ အသုံးပြုနိုင်အောင် ကြိုတင်စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်တို့က ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး လုပ်ငန်းဆိုင်ရာများကို အကြံပြု ဆွေးနွေးတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေး ဆေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ဦးဆောင်ကော်မတီ၏ စိစစ်ထောက်ခံချက်များအရ နိုင်ငံခြားသုံးငွေဝယ်ယူရရှိမှု၊ သွင်းကုန်လိုင်စင်ရရှိမှု၊ တင်သွင်းရောက်ရှိမှု၊ ဖြန့်ဖြူးရောင်းချပြီးစီးမှု၊ ရောင်းချဈေးနှုန်းများနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စိုက်ပျိုးရေးကဏ္ဍအတွက် အဓိက လိုအပ်ချက်ဖြစ်သည့် ယူရီးယားမြေဩဇာသွင်းအားစုများ အချိန်မီ တင်သွင်းဝယ်ယူ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ၂၀၂၃-၂၀၂၄ ခုနှစ် နွေသီးနှံနှင့် နွေစပါး ပိုမိုအောင်မြင်စွာ လျာထားစိုက်ပျိုးနိုင်ရေးအတွက် ငလိုက်ဆည်ရေသောက်စနစ်ရှိ တောင်သူများနှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၉**

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေး ဆပ်ကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေး ဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်ပြီး အခမ်းအနားများအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။



ထို့နောက် ဆပ်ကော်မတီအတွင်းရေးမှူး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ငလိုက်ဆည်ရေသောက်စနစ်ရှိ တောင်သူများအဖွဲ့(WUG)နှင့် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းအနီးရှိ ရှင်းလင်းဆောင်၌ တွေ့ဆုံသည်။

**မျှမျှတတ သုံးစွဲ**

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆည်ရေများကို အကျိုးရှိစွာ သုံးစွဲရန်အတွက် တောင်သူများပါဝင်သည့် အဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ပြီး ရေကိုလေလွင့်မှုမရှိအောင် ညီညီညွတ်ညွတ် မျှမျှတတ သုံးစွဲကြရန်နှင့် တောင်သူများ ဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများနှင့် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ နေပြည်တော် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်က ငလိုက်ဆည်ရေသောက် နွေသီးနှံ၊ နွေစပါး ရေပေးဝေနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ငလိုက်ဆည်ရေသောက် တောင်သူများအဖွဲ့(WUG)က နွေစပါး၊ နွေသီးနှံ စိုက်ပျိုးရေးနှင့် ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်ချက်များကို သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ် ဆောင်ရွက်ပေးကာ တဲကြီးကုန်း ကျေးရွာအနီးရှိ အောင်မြင် ဖြစ်ထွန်းနေသည့် မိုးစပါး စိုက်ခင်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁၉**

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းနှင့်အတူ ရယူအပ်ရာသင်ခန်းစာများ

# Double standard မူနှင့် အင်အားကြီးသူတို့၏ ပဋိညာဉ်

မြင့်မြတ်

ယူကရိန်းစစ်တန်းလန်းမှာ အစ္စရေးစစ်က ဖြစ်ရပြန်ပြီ။ ကမ္ဘာကြီးအနေနဲ့တော့ သင်ခန်းစာတွေရပြီးရင်း ရနေဆဲပါပဲ။ ဟားမတ်စ်တွေ အစ္စရေးကို စတိုက်ပြီး တစ်ရက်၊ နှစ်ရက်အတွင်း ကမ္ဘာ့စာမျက်နှာတွေကနေ အပယ်ခံဘဝရောက်နိုင်တဲ့ ဇာလန်စကီးနဲ့ အနောက်အုပ်စုဆီက အထောက်အပံ့ကို မှီခိုလို့မရနိုင်တော့တဲ့ ယူကရိန်းသင်ခန်းစာ၊ အကြမ်းဖက်စကားလုံးကို မလိုတစ်မျိုး၊ လိုတစ်မျိုးသုံးနေတဲ့ Double standard နဲ့ စံနှစ်မျိုးထားတဲ့ အမေရိကန်နဲ့အီးယူ၊ အချိန်ကိုက် တစ်ပြိုင်တည်း မထင်မှတ်ထားတဲ့အချိန်မှာ မထင်မှတ်ထားတဲ့ နည်းဗျူဟာနဲ့ ဟားမတ်စ်တို့ အစ္စရေးကို ဝင်တိုက်သွားပုံတွေဟာ အလားတူဖြစ်စဉ်မျိုး ခံစားခဲ့ရဖူးတဲ့ ကျွန်တော်တို့နိုင်ငံအတွက်တော့ ထပ်တူနီးပါး သတိရစရာ သင်ခန်းစာတစ်ခုအဖြစ် ထပ်တိုးရောက်ရှိလာခဲ့ပါတယ်။

**“ဂျီနိုဆိုက်နဲ့ မတရားစွပ်စွဲပြီး ICJ ကို တရားစွဲတင်တတ်တဲ့ ဂမ်ဘီယာနဲ့အပေါင်းပါတွေ အခုလို ဂါဇာလူမျိုးတုံးစစ်ပွဲမှာကော စစ်ရာဇဝတ်မှုကျူးလွန်သူတွေကို ICJ ဆီ ပို့နိုင်မလား၊ မထင်မိပါ။ တစ်ဖက်စောင်းနင်းကမ္ဘာကြီးမှာ ဒီလိုစံနှုန်းနှစ်မျိုးမူဝါဒသမားတွေကြောင့်ပဲ ကမ္ဘာကြီးမတည်မငြိမ်ဖြစ်နေရတာပါ။ စစ်ပွဲမှာ အရပ်သားသေကျေထိခိုက်မှု နည်းနိုင်သမျှနည်းအောင်လုပ်ဖို့ တိုက်တွန်းနေတဲ့ အမေရိကန်ဟာ တစ်ဖက်မှာတော့ အစ္စရေးကို စစ်လက်နက်တွေ ထောက်ပံ့နေပြန်တယ်။ ရေ၊ မီး၊ ရိက္ခာအစုံ ဖြတ်တောက်တာ လူ့အခွင့်အရေးနဲ့ဆိုင်သလို ၂၄ နာရီအတွင်း ဘယ်လိုမှမဖြစ်နိုင်တဲ့ ဆေးရုံလူနာတွေကော၊ ၁ ဒသမ ၁ သန်းခန့်ရှိတဲ့အရပ်သားတွေကော ဂါဇာကနေ အတင်းအကျပ်နှင်ထုတ်ခံရတာကော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခွင့်အရေးနဲ့ဆိုင်ပါတယ်။ လူ့အခွင့်အရေးကို အကဲဆတ်အထိမခံတဲ့ လစ်ဘရယ်တွေအနေနဲ့ စံတစ်မျိုးတည်းနဲ့ ဖြေရှင်းလို့မရနိုင်ဘူးလား”**

## နောင်မျိုးဆက်အဆက်ဆက်တိုင် ကျန်နေမယ့် နာကြည်းမုန်းတီးအခြေခံတဲ့စစ်

ယနေ့စစ်ပွဲတွေကိုကြည့်ရင် ဥပဒေဆိုတာ မရှိတော့သလောက်ပါပဲ။ ဥပဒေမလိုက်နာဘဲ စစ်ကို ဆင်နွှဲသူတွေဟာ အရိုင်းအစိုင်းနဲ့မခြားပါဘူး။ အစ္စရေး- ပါလက်စတိုင်းပဋိပက္ခ၊ အစ္စရေး- ဟားမတ်စ်၊ အစ္စရေး- ဟဇ်ဘိုလာတိုက်ပွဲတွေဆိုတာ အရှေ့အလယ်ပိုင်းမှာ နှစ်ပေါင်းများစွာ တောက်လျှောက်ဖြစ်နေခဲ့တဲ့ ပြဿနာတွေဖြစ်ပြီး ယခုတစ်ကြိမ် ဂါဇာ အစ္စရေးစစ်လောက် လူမဆန် ရက်စက်မှုမျိုးတွေ မရှိခဲ့ပါဘူး။ အပြစ်မဲ့အရပ်သား၊ လူအို၊ မွေးကင်းစနဲ့ အမျိုးသမီးမချန် လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်ကြတယ်။ စာသင်ကျောင်းတွေ၊ ဆေးရုံတွေ၊ နောက်ဆုံးစစ်ရှောင်ဒုက္ခသည် ယာဉ်တန်းပါမချန် ဒီလိုရက်ရက်စက်စက် သတ်ဖြတ်ပုံတွေဟာ သွေးရိုးသားရိုးကော ဟုတ်ရဲ့လား။ ဘယ်သူ၊ ဘယ်အဖွဲ့အစည်းရဲ့ဘယ်လိုပယောဂတွေ ပါနေသလဲစသဖြင့် အတိတ်က ရှိခဲ့ဖူးတဲ့ဖြစ်စဉ်တွေအရ စဉ်းစားစရာလည်း ဖြစ်ပါတယ်။

ကမ္ဘာက ပိတ်ပင်ထားတဲ့ ၈၁၅ ဒီဂရီစင်တီဂရိတ်အထိ ပြင်းအားရှိတဲ့ white phosphorus ဓာတုဗုံးဆန်တွေသုံးပြီးတောင် တိုက်ခိုက်တယ်လို့ သိရပါတယ်။ ပါလက်စတိုင်းနဲ့ ဟားမတ်စ်တွေနေတဲ့ ဂါဇာကို ရေ၊ မီး၊ ရိက္ခာစုံ ဖြတ်တောက်ထားတယ်။ အဆမတန်သာလွန်လက်နက်ကိုင်ထားပြီး ယဉ်ကျေးပါတယ်ဆိုတဲ့ လူ့အဖွဲ့အစည်းရဲ့ခေါင်းဆောင်လုပ်သူကိုယ်တိုင်က ဒီစစ်ကို နောင်သားစဉ်မြေးဆက်တွေ ပြန်ပြောင်းသတိရနေအောင်ကို အပြတ်အသတ်တိုက်သွားမယ်လို့ တာဝန်မဲ့ကမ္ဘာသိကြေညာပုံက ရင်ထဲကနာကြည်းမှုနဲ့ အမုန်းမျိုးစေ့ကို နောင်မျိုးဆက်အထိ ကြဲချပျိုးပေးခဲ့မယ်ဆိုတဲ့ အသိတရားမရှိတော့တဲ့ပုံပါပဲ။

ဒီကမ္ဘာကြီးမှာ မုန်းတီးစိတ်အခြေခံ အာဃာတတွေချုပ်ငြိမ်းအောင် မလုပ်နိုင်သရွေ့ အတောမသတ်တဲ့အကြမ်းဖက်မှုတွေ ဆက်တိုက်မြင်ရဦးမှာဖြစ်ပြီး ဒီတစ်ခါ အစ္စရေး-ဟားမတ်စ်စစ် နောက်ဆက်တွဲက နိုင်ငံတကာအဆင့်အကြမ်းဖက်မှုတွေအထိ ကူးစက်ပျံ့နှံ့မယ့်အဆင့်ရောက်နေပါပြီ။ ရုရှားက ယူကရိန်းမှာ ဆင်နွှဲနေတဲ့စစ်က အထူးစစ်ဆင်ရေး အမည်ခံကန့်သတ်စစ်ပါ။ အခု အစ္စရေးတွေလုပ်နေတဲ့စစ်က အကန့်အသတ်မဲ့စစ်အထိ ဖြစ်သွားနိုင်တယ်လို့ သုံးသပ်နေကြပါတယ်။

လေးကြိမ်အထိ စစ်ကြေညာပြီးတိုက်ခဲ့ကြတဲ့ အာရပ်-အစ္စရေးစစ်ပွဲတွေဟာ ဂျူးနဲ့ပါလက်စတိုင်းလူမျိုးတွေအကြား ရာစုနှစ်နဲ့ချီ ကြာမြင့်နေပြီဖြစ်တဲ့ နယ်မြေပဋိပက္ခပိုင်ဆိုင်ခွင့်နဲ့ပတ်သက်ပြီး တိုက်ခိုက်ခဲ့ကြတဲ့ ကန့်သတ်စစ်ပွဲတွေသာဖြစ်ပါတယ်။ အခု ဟားမတ်စ် – အစ္စရေးစစ်ကတော့ ကမ်းမမြင်၊ လမ်းမမြင် နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးအကျိုးစီးပွားတွေအထိ ကျယ်ပြန့်သွားနိုင်သလို ငြိမ်းချမ်းအောင်မလုပ်ဘဲ စစ်မီးအပူကို ထပ်ကာထပ်ကာရှို့တဲ့ လောင်စာတွေကြောင့်လည်း ကမ္ဘာကြီးမှာ အမှောင်ထုကြီး ကြီးစိုးလာနိုင်ပါတယ်။ မိမိကိုယ်မိမိ ခုခံကာကွယ်ပိုင်ခွင့်ကိုအသုံးချပြီး အရပ်သားတွေ ဒုက္ခရောက်အောင်မလုပ်ဖို့ နှစ်ဖက်စလုံးကို သတိပေးသင့်တာကို ပေးနေတဲ့ ရုရှားနိုင်ငံနဲ့ တရုတ်ကလွဲပြီး သမာသမတ်ကျတဲ့ ငြိမ်းချမ်းရေးစကားသံမျိုး ဘယ်နိုင်ငံဆီကမှ အခုအချိန်အထိ အသေအချာ မကြားမိသေးပါဘူး။ နောက်ပိုင်းမှာတော့ အစ္စရေးအနေနဲ့ ဂါဇာကို ကျူးကျော်မိရင် မဟာအမှားကြီးတစ်ခု ကျူးလွန်တာပဲဆိုတဲ့ ရှေ့နောက်မညီတဲ့ သမ္မတ ဂျိုးဘိုင်ဒင်ရဲ့ စကားဟာလည်း သတိထားစရာ ဖြစ်ပါတယ်။

## အသုံးချခံစစ်တစ်ခုပဲလား

ဒီနေ့စစ်ဟာ ဂါဇာကနေ အာရပ်ကမ္ဘာအထိ၊ နောက်ထပ် တစ်ကမ္ဘာလုံးအတိုင်းအတာအထိ ကျယ်ပြန့်သွားမယ့် အလားအလာများစွာ တွေ့နေရပါတယ်။ UN ဝန်ထမ်းတွေ၊ စစ်ရှောင်ဒုက္ခသည်တွေ သေကျေတဲ့အထိ တိုက်နေတဲ့မြင်ကွင်းကို ရပ်တန့်အောင် လုပ်နိုင်တဲ့အခွင့်အရေး အမေရိကန်မှာ ရှိနေရက်သားနဲ့ မလုပ်တဲ့အပြင် စစ်ကိုကျယ်ပြန့်အောင် လှုံ့နေတဲ့ အခင်းအကျင်းကိုက ကမ္ဘာ့သူကမ္ဘာ့သားတွေကို မထီမဲ့မြင်ပြုနေသလိုပါပဲ။

**အမေရိကန်အနေနဲ့ ကမ္ဘာ့ကြီးအတွက် တာဝန်ယူ၊ တာဝန်ခံမှုလုံးဝမရှိတဲ့အပြင် ယူကရိန်းမှာ အလုပ်မဖြစ်တဲ့မူဝါဒအမှားကို ပြန်အဖတ်ဆယ်ဖို့နဲ့ ၂၀၂၄ခုနှစ်မှာအခြေမလှနိုင်တဲ့အထွေထွေရွေးကောက်ပွဲမှာ အမေရိကန်ဂျူးတွေရဲ့ မဲတွေရဖို့ ကိုယ့်အတ္တနဲ့ကိုယ် မြေထဲပင်လယ်ထဲအထိ ခြေဆန့်လာတဲ့ တွက်ကိန်းဟာ ဘိုင်ဒင့်အတွက်တော့ အလောင်းအစားတစ်ခုလိုဖြစ်တဲ့အပြင် အစ္စရေးနဲ့ကမ္ဘာကြီးအတွက်လည်း မကောင်းတဲ့နိမိတ်တစ်ခုအလား တချို့ သုံးသပ်နေကြပုံတွေလည်း ရှိနေပါတယ်။ ကျဆင်းနေတဲ့ နိုင်ငံရေးကပ်၊ စီးပွားရေးကပ်တွေ ဆိုက်ပြီး ပြည်တွင်းပြည်ပသြဇာကို ပြန်ရဖို့နဲ့ အင်အားကြီးပုံစံ ပြန်ထူထောင်ဖို့ အမေရိကန်ရဲ့ နောက်ဆုံးထွက်ပေါက်အနေနဲ့ ဂါဇာစစ်ကိုအသုံးချ၊ လိုအပ်ရင် ကမ္ဘာကြီးကို တတိယကမ္ဘာစစ်အထိ ဆွဲခေါ်မယ်ဆိုခေါ်သွားမယ့်အကြံမျိုးအထိ ရှိနိုင်ပါတယ်။**

အနည်းဆုံးတော့ တွေဝေနေမယ့် အာရပ်ကမ္ဘာကို မညီညွတ်အောင် ဖြိုခွဲလို့ရနိုင်တာပေါ့။ အတိတ်ကို ပြန်ကြည့်ရင် တောင်-မြောက်ကိုရီးယား ကိုရီးယားအချင်းချင်း၊ ထိုင်ဝမ်-တရုတ် တရုတ်အချင်းချင်း၊ ရုရှား -ယူကရိန်း ညီအစ်ကိုအချင်းချင်း၊ ဗမာ-တိုင်းရင်းသား မြန်မာအချင်းချင်း၊ အာဖရိကသားအချင်းချင်း အချိန်ကုန် ပြုတ်ပြုတ်ပြန်းသည်အထိ တိုက်ခိုင်းထားတာ။ အခုလည်း အာရပ်အချင်းချင်း တိုက်ကြခိုက်ကြတဲ့အထိ ခဲတစ်လုံးတည်းနဲ့ ငှက်ငါးကောင်အထိ တစ်ပြိုင်တည်းပစ်နိုင်တဲ့ ခေတ်သစ်ကိုလိုနီတွေရဲ့ အကျင့်ဆိုးကို မြင်နိုင်ရပါမယ်။

## လူ့အခွင့်အရေးကို ဘယ်ပေတံနဲ့တိုင်းနေသလဲ

လိုတစ်မျိုး မလိုတစ်မျိုး Double standard စံနှစ်မျိုးကျင့်သုံးမှုကို ဆက်ပြီးကြည့်ရအောင်ပါ။ အမေရိကန်ကော၊ UN ကော အနောက်အုပ်စုပါ ကမ္ဘာကြီးအပေါ် စံနှစ်မျိုးမူဝါဒကျင့်သုံးနေတာ ကြာပါပြီ။ တစ်နေရာမှာ သူရဲကောင်း၊ တစ်နေရာမှာ အကြမ်းဖက်ပေါ့။ ကိုယ်မလိုလားသူဆိုရင် died၊ ကိုယ့်ဘက်ကဆိုရင် killed ပေါ့။ ပစ်မှတ်တစ်ခု၊ နှစ်ခုလောက်ကို ဗုံးတစ်လုံး၊ နှစ်လုံးလောက်ချမိရင်ကို ဆတ်ဆတ်ထိမခံ တောင်အော် မြောက်အော်အော်သူတွေက အခုစစ်ပွဲမှာ ဗုံးခြောက်ထောင်လောက်ကို ပစ်မှတ် ၃၅၀၀ ပေါ် ပျော်ပျော်ကြီး ကြဲချလို့ ကလေးငယ် ၇၀၀ လောက်အထိ သေခဲ့ရတဲ့ အဖြစ်ဆိုးမှာ လုံးဝအသံမထွက်သလိုပါပဲ။

မြန်မာနိုင်ငံအနောက်ဘက် ရဲစခန်း ၃၀ ကို အာဆာတွေဝင်တိုက်လို့ မြန်မာ့တပ်မတော်က ပြန်တိုက်ထုတ်တုန်းက အသံမထွက်ခဲ့တဲ့ အမေရိကန်၊ အခုဟားမတ်စ်တွေ အစ္စရေးနေရာ ၂၂ နေရာလောက် တိုက်တာကို အသံဆူညံအောင်ထွက်နေတာက အံ့သြစရာပါ။ ဒါ့အပြင် တပ်မတော်က ပြန်တိုက်လို့ ဘင်္ဂါလီတစ်သိန်းခန့် တစ်ဖက်နိုင်ငံထဲ ပြေးဝင်ကြတဲ့အပေါ် မြန်မာကိုစွပ်စွဲခဲ့တဲ့ အမေရိကန်က အခု ဂါဇာကနေ ပါလက်စတိုင်း ၁ ဒသမ ၁ သန်းကို နှင်ထုတ်တာကိုတော့ မသိချင်ယောင်ဆောင်နေပြန်တယ်။ UN လည်း လစာထုတ်ကောင်းရုံ အသံမျှဉ်းမျှဉ်းပဲ ထွက်နိုင်တော့တယ်။

ဂျီနိုဆိုက်နဲ့ မတရားစွပ်စွဲပြီး ICJ ကို တရားစွဲတင်တတ်တဲ့ ဂမ်ဘီယာနဲ့အပေါင်းပါတွေ အခုလို ဂါဇာလူမျိုးတုံးစစ်ပွဲမှာကော စစ်ရာဇဝတ်မှုကျူးလွန်သူတွေကို ICJ ဆီ ပို့နိုင်မလား၊ မထင်မိပါ။ တစ်ဖက်စောင်းနင်းကမ္ဘာကြီးမှာ ဒီလိုစံနှုန်းနှစ်မျိုး မူဝါဒသမားတွေကြောင့်ပဲ ကမ္ဘာကြီးမတည်မငြိမ် ဖြစ်နေရတာပါ။ စစ်ပွဲမှာ အရပ်သားသေကျေထိခိုက်မှု နည်းနိုင်သမျှနည်းအောင်လုပ်ဖို့ တိုက်တွန်းနေတဲ့ အမေရိကန်ဟာ တစ်ဖက်မှာတော့ အစ္စရေးကို စစ်လက်နက်တွေ ထောက်ပံ့နေပြန်တယ်။ ရေ၊ မီး၊ ရိက္ခာ အစုံဖြတ်တောက်တာ လူ့အခွင့်အရေးနဲ့ဆိုင်သလို ၂၄ နာရီအတွင်း ဘယ်လိုမှမဖြစ်နိုင်တဲ့ ဆေးရုံလူနာတွေကော၊ ၁ ဒသမ ၁ သန်းခန့်ရှိတဲ့ အရပ်သားတွေကော ဂါဇာကနေ အတင်းအကျပ်နှင်ထုတ်ခံရတာကော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခွင့်အရေးနဲ့ဆိုင်ပါတယ်။ လူ့အခွင့်အရေးကို အကဲဆတ်အထိမခံတဲ့ လစ်ဘရယ်တွေအနေနဲ့ စံတစ်မျိုးတည်းနဲ့ဖြေရှင်းလို့မရနိုင်ဘူးလား၊ ရကိုရနိုင်ရပါမယ်။

## တစ်ပြေးညီမရှိတဲ့စံနှစ်မျိုးမူဝါဒအောက်မှာ

နောက်ပြီး ယခင်ကတည်းကချမှတ်ထားတဲ့ အမေရိကန်ရဲ့အရှေ့အလယ်ပိုင်းမူဝါဒဟာ သဲသဲကွဲကွဲမရှိခဲ့ပါဘူး။ ပါလက်စတိုင်းတွေထက် သူ့မဟာမိတ်အစ္စရေးအပေါ် သာသာထိုးထိုး ဘက်လိုက်ခဲ့တာ တွေ့ရပါတယ်။ စာမျက်နှာ ၇ သို့ ✧

**“နောက်ထပ်သင်ခန်းစာယူစရာတစ်ခုက အခုဖြစ်နေတဲ့ အစ္စရေး-ဟားမတ်စ်စစ်အစပိုင်းမှာ အစ္စရေးနယ်မြေထဲ ဟားမတ်စ်တို့ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်နိုင်ခဲ့မှုအတိုင်းအတာပဲဖြစ်ပါတယ်။ နာမည်ကျော်ထောက်လှမ်းရေး စီအိုင်အေနဲ့ မော့ဆက်တို့အရိပ်အောက်ရှိနေတဲ့ကြားက ဟားမတ်စ်တို့ဟာ အစ္စရေးကို အချိန်ကိုက်တစ်ပြိုင်တည်း အင်အားကြီးကြီးမားမားနဲ့ကို တိုက်ခိုက်သွားကြတာပါ။ ၂၀၁၆ ခုနှစ်က မြန်မာနိုင်ငံ အနောက်ဘက်နယ်မြေတချို့က ရဲတပ်ဖွဲ့စခန်း ၃၀ ကို အာဆာတွေ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အင်အားအလုံးအရင်းနဲ့ ဝင်ရောက်တိုက်ခိုက်ပြီး ရခိုင်နဲ့ဘင်္ဂါလီရွာတွေကို မီးရှို့၊ ဒေသခံလူမျိုးစုတွေကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြတဲ့ဖြစ်စဉ်မျိုးနဲ့ နှိုင်းယှဉ်လေ့လာနိုင်”**



## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ထိုင်းနိုင်ငံ Thai Business Association of Myanmar (TBAM) ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံတွင် ငွေကြေးကဏ္ဍဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၉

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် တာဝန်ရှိသူများသည် Thai Business Association of Myanmar (TBAM) မှ ဥက္ကဋ္ဌ Mr. Nuttaphong Visitkitchakarn ဦးဆောင်သည့် အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံငွေကြေးအသုံးပြု၍ ဆောင်ရွက်နေသည့် ကုန်သွယ်မှုများအပါအဝင် ငွေကြေးကဏ္ဍတွင် ကြုံတွေ့နေရသည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## မြို့တော်ဝန် ဦးဗိုလ်ဌေး ပန်းဆိုးတန်းခုံးကျော်တံတား ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညပိုင်းက အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းတံတားကို အရှည် ပေ ၄၁၀၀၊ အကျယ် ၄၂ ပေ၊ ဒုနှစ်လက်မ ကတ္တရာကွန်ကရစ် (AC)ထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ စံချိန်စံညွှန်း ကောင်းမွန်စေရေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ သတင်းစဉ်



**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

✧ စာမျက်နှာ ၆ မှ

အမေရိကန်ရဲ့မူဝါဒတိုင်းမှာ ကမ္ဘာကြီးရဲ့ ဘယ်နေရာမှာမှ ငြိမ်းချမ်းရေးအတွက် မျှတတဲ့အဖြေဆိုတာ မရှိခဲ့၊ မကြားခဲ့ဖူးပါ။ အခုလည်း သူ့ရဲ့ တစ်ဖက်စောင်းနင်းမူဝါဒကြောင့် စစ်ဖြစ်ခဲ့ပြီး အပြစ်မဲ့အရပ်သားတွေ များစွာသေကျေပျက်စီးခဲ့ရပါပြီ။ ကမ္ဘာကြီးရဲ့ ခေါင်းဆောင်ပီသချင်ရင် မြောက်ထိုးပင့်ကော် လူမိုက်စကားထက် ငြိမ်းချမ်းရေးစကားပဲ ပြောသင့်ပါတယ်။ ငြိမ်းချမ်းရေးစကားတွေနဲ့ နှစ်ဖက်စလုံးကို ဖျောင်းဖျနိုင်စွမ်းရှိသင့်ပေမယ့် မြေထဲပင်လယ်ထဲ အကောင်းဆုံးလေယာဉ်တင်သင်္ဘောတွေ ချက်ချင်းစေလွှတ်ပြီး စစ်အင်အားပြတာ၊ နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန် အစ္စရေးရောက်တော့လည်း သူဟာ ဂျူးတစ်ယောက်အနေနဲ့ လာခဲ့တာပါဆိုပြီး ရန်ဘက်နှစ်ဖက်စလုံးအပေါ် မျှတတဲ့စကားမဆို၊ အပြစ်မဲ့အရပ်သား သေကျေမှုတွေကို သူတို့နဲ့မဆိုင်သယောင်၊ သူ့မဟာမိတ်ဘက်မှာသာ အခိုင်အမာရှိနေကြောင်း ကမ္ဘာကို ပြသခဲ့တာတွေဟာ လုံးဝမလုပ်အပ်တဲ့ မီးလောင်ရာလေပင့်ခြင်းတွေပဲ ဖြစ်ပါတယ်။

သူမလိုလားတဲ့နိုင်ငံ တစ်နိုင်ငံဆိုရင် တစ်ကမ္ဘာလုံးနီးပါး ရှုတ်ချပိတ်ဆို့အရေးယူအောင် လုပ်ခဲ့ပြီး သူတို့လူဖြစ်ရင်တော့ အလိုတူ၊ အလိုပါ ဘာလုပ်လုပ်တရားနေပြန်ရော။ ဒါကိုပဲ တစ်ပြေးညီမရှိတဲ့ စံနှစ်မျိုးမူဝါဒလို့ခေါ်တာပါ။ ဒီလိုကျင့်သုံးမှုမျိုး ရှိနေသရွေ့ ကမ္ဘာကြီးဟာ ကပ်ဘေးသင့်နေဦးမှာပဲ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် နာတာရှည်ရောဂါလို ပြဿနာမျိုးတွေမှာ စံတစ်မျိုးတည်းအောက်မှာပဲ နှစ်ဖက်လုံး မျှမျှတတနဲ့ မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ အပြန်အလှန်အသိအမှတ်ပြုအဖြေရှာကြမှသာ တရားမျှတတဲ့အဖြေကို ရနိုင်မယ်ဆိုတာတော့ ဒီနေ့ပါလက်စတိုင်းပြဿနာက ပြသနေပါတယ်။

### မိမိအင်အားအစစ်အမှန်နဲ့အတူ လုံခြုံရေးတပ်လှန့်သတိပေးချက်များ

အရေးကြုံတော့ မိတ်ဆွေအစစ်က ဘယ်သူလဲ၊ ယူကရိန်းခေါင်းဆောင် ဇာလန်စကီးကိုကြည့်ပြီး နမူနာယူသင့်ပါတယ်။ မိမိကိုယ်သာ အားကိုးရာ အမှန်ဆိုတာ အမေရိကန်ရဲ့ ဦးစားပေးဒုတိယအဆင့်နဲ့သာ ကျေနပ်လိုက်ရတဲ့ ယူကရိန်းရဲ့ ဖြစ်စဉ်ကနေ သင်ခန်းစာယူသင့်ပါတယ်။ အမေရိကန်သာ မထောက်ပံ့ရင် ယူကရိန်းစစ်ဟာ ယခုလက်ရှိ ချက်ချင်းပြီးသွားနိုင်တဲ့အခြေအနေပါ။ အခု ဂါဇာစစ်ပေါ်လာတော့ သူ့ထာဝရမိတ်ဆွေကြီး အစ္စရေးအတွက် အရေးအကြီးဆုံးဖြစ်နေချိန်မှာ ထိုင်ဝမ်၊ တောင်ကိုရီးယား၊ ဂျပန်တို့ဟာ အမေရိကန်ရဲ့ လတ်တလော ဦးစားပေးအဆင့်သတ်မှတ်ချက်မှာ မရှိနိုင်တော့တဲ့ အခြေအနေကို မြင်နိုင်ရပါမယ်။

သူတစ်ပါးနှာခေါင်းပေါက်နဲ့ အသက်ရှင်နေရသူတွေဟာ အားကိုးရာမဲ့ဖြစ်ရင် ကိုယ်ပဲခံရမယ်ဆိုတာ သိနေမြင်နေဖို့လိုပါတယ်။ အရေးအကြီးဆုံးက မိမိကိုယ်တိုင်တည်ဆောက်တဲ့ အားသည်သာ အမှန်အင်အားဖြစ်တယ်ဆိုတာ ယူကရိန်းနဲ့ အခု ဂါဇာစစ်ပွဲတွေမှာ ပိုပြီးပေါ်လွင်လာခဲ့ပြီဖြစ်တယ်လို့ ယူဆပါတယ်။

> **“တို့တိုင်းပြည်က တို့ပြည်သူတွေဟာ မျက်မှောက်ကမ္ဘာ့အဖြစ်အပျက်တွေကနေ သင်ခန်းစာယူသင့်တာကို ယူကြရပါမယ်။ စံနှစ်မျိုးနဲ့ အင်အားကြီးတွေကြားမှာ ဖိအားဒဏ်ခံနိုင်ဖို့ မိမိကိုယ်မိမိ ကာကွယ်နိုင်ဖို့နဲ့ အနိုင်ကျင့်မခံရအောင်၊ ချိုးနှိမ်မခံရအောင် စည်းရုံးကြ၊ ညီညွတ်ကြဖို့သင့်ပြီဟူ၍ဖြစ်ပါတယ်။ နောက်ဆုံးတော့ အနောက်အုပ်စုက လိုရင်လိုသလိုသုံးတဲ့ လူသားချင်းစာနာထောက်ထားမှုတို့၊ တန်းတူညီမျှမှု၊ တရားမျှတမှုတို့၊ လူ့အခွင့်အရေးတို့...ဘာညာစတာတွေဟာ ကြားကောင်းရုံ စားကောင်းရုံ ဝေါဟာရသက်သက်သာဖြစ်ပြီး မိမိတို့ကိုယ်တိုင်က ကစားစရာနယ်ရုပ်လေးတွေ အဖြစ်မခံရအောင် သင်ခန်းစာယူတတ်ဖို့ပါပဲ”**

နောက်ထပ်သင်ခန်းစာယူစရာတစ်ခုက အခုဖြစ်နေတဲ့ အစ္စရေး-ဟားမတ်စ်စစ်အစပိုင်းမှာ အစ္စရေးနယ်မြေထဲ ဟားမတ်စ်တို့ ရုတ်တရက်ဝင်ရောက်တိုက်ခိုက်နိုင်ခဲ့မှု အတိုင်းအတာပဲ ဖြစ်ပါတယ်။ နာမည်ကျော် ထောက်လှမ်းရေးစီအိုင်အေနဲ့မော့ဆက်တို့ အရိပ်အောက်ရှိနေတဲ့ကြားက ဟားမတ်စ်တို့ဟာ အစ္စရေးကို အချိန်ကိုက်တစ်ပြိုင်တည်း အင်အားကြီးကြီးမားမားနဲ့ကို တိုက်ခိုက်သွားကြတာပါ။ ၂၀၁၆ ခုနှစ်က မြန်မာနိုင်ငံ အနောက်ဘက်နယ်မြေတချို့က ရဲတပ်ဖွဲ့စခန်း ၃၀ ကို အာဆာတွေ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အင်အားအလုံးအရင်းနဲ့ ဝင်ရောက်တိုက်ခိုက်ပြီး ရခိုင်နဲ့ဘင်္ဂါလီရွာတွေကို မီးရှို့၊ ဒေသခံလူမျိုးစုတွေကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြတဲ့ဖြစ်စဉ်မျိုးနဲ့ နှိုင်းယှဉ်လေ့လာနိုင်ပါတယ်။

တစ်ဖက်ကသုံးခဲ့တဲ့ နည်းဗျူဟာတွေမှာ တစ်ဖက်ကို သတင်းမှားတွေနဲ့လှည့်စားမှု၊ နားတွေ မျက်စိတွေ အသက်မဲ့အောင် အလုပ်ခံလိုက်ရသလား၊ ကြိုတင်သတိပေးဆက်သွယ်ရေးနဲ့ အပြန်အလှန်အကူအညီပေး ပေါင်းစပ်ညှိနှိုင်းမှုစနစ်တွေ ပျက်ယွင်းသွားအောင် ဘယ်လိုလေ့ကျင့်ပြင်ဆင်ခဲ့ကြလဲစတဲ့ နည်းဗျူဟာတွေဟာ မိမိတို့နိုင်ငံလုံခြုံရေးနဲ့ ကာကွယ်ရေးအပိုင်းမှာ သင်ခန်းစာယူနေရမယ့် တပ်လှန့်သတိပေးချက်တွေဖြစ်မယ်လို့ ယူဆမိပါတယ်။

### အခြားသင်ခန်းစာယူသင့်သော အခြေခံအချက်များ

အဓိကပြောချင်တာက အပြောင်းအလဲများလှတဲ့ ယနေ့ကမ္ဘာ့ဖြစ်စဉ်တွေကနေ ဘယ်သူကအမှန်၊ ဘယ်သူကအမှားချပြနေတာဖြစ်လို့ စစ်ရေး၊ စီးပွားရေး ကိုယ့်အင်အားကိုယ် တည်ဆောက်ထားရုံကလွဲပြီး အခြားမရှိပါဘူး။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး မျက်နှာဖုံးစွပ်ပြီး ဘာကျင့်ဝတ်၊ ဘာစည်းကမ်းမှ မလိုက်နာသူတွေရှိနေသရွေ့ ဒီကမ္ဘာကြီး ငြိမ်းချမ်းမယ်မထင်ပါဘူး။ အတ္တတွေကြောင့် ကိုယ်ပိုင်တိုက်တာ အိမ်ခြေတွေပျက်စီး၊ အိုးမဲ့အိမ်မဲ့ဘဝရောက်ကြရတယ်၊ လူတွေသေရတယ်၊ နှစ်ဖက်ကြားမှာ မြေစာပင်ဖြစ်ရတဲ့ အစ္စရေးနဲ့ ပါလက်စတိုင်းပြည်သူတွေရဲ့အဖြစ်ကို သင်ခန်းစာယူပြီး ငါတို့ဘဝတွေမပျက်ဖို့ စစ်ကို မုန်းတီးနေဖို့လိုပါတယ်။ အထူးသဖြင့် လူငယ်တွေပါ...။

ကမ္ဘာ့နိုင်ငံရေး၊ ပထဝီနိုင်ငံရေးကို လေ့လာဆန်းစစ်တတ်ဖို့လိုပါတယ်။ သတင်းတု သတင်းမှားတွေကို အကဲဖြတ်နိုင်အောင် လေ့လာဆန်းစစ်နေရပါမယ်။ အခု အစ္စရေး-ဟားမတ်စ်စစ်မှာ အချို့သတင်းတွေဟာ သတင်းတုတွေဖြစ်နေကြောင်း နောက်ပိုင်းမှာ သိလာရတဲ့ အဖြစ်အပျက်တွေနဲ့အတူ နာမည်ပျက်သွားတဲ့ နာမည်ကြီးသတင်းဌာနတွေ ရှိနေတဲ့အတွက် အားလုံးကို အလွယ်မလိုက် အလျင်စလိုမဆုံးဖြတ်မိဖို့လိုပါတယ်၊ မြန်မာနိုင်ငံမှာလို ကမ္ဘာမှာလည်း ဖြစ်ပျက်နေပုံတွေကို သင်ခန်းစာယူနိုင်ဖို့ပါပဲ။ ပြဿနာရဲ့အခြေခံအကြောင်းတရားက ဘာလဲ၊ လတ်တလောအကြောင်းတရားက ဘာလဲ၊ အကြောင်းအကျိုးဆက်စပ်နေတဲ့ သဘောတရား၊ နောက်ကွယ်က ကြိုးကိုင်နေတဲ့ လက်မည်းတွေနဲ့အတူ စစ်ရဲ့အကျိုးဆက် ဘယ်ကိုဦးတည်နေသလဲ၊ ကျယ်ပြန့်သွားနိုင်တဲ့ စစ်ရဲ့အနေအထား၊ အချိန်တန်ရင် ကိုယ့်အမျိုးသားအကျိုးစီးပွားကိုသာ အဓိကထားကြပုံ၊ နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ်၊ နိုင်ငံနဲ့နယ်နိမိတ်ကို ကာကွယ်စောင့်ရှောက်လိုစိတ်တွေ ရှိကြပုံကို အစ္စရေး- ဟားမတ်စ်စစ်မှာ သတိထားမိကြမယ်ထင်ပါတယ်။ ဒါ့အပြင် ခံစားချက်ကို ဦးစားမပေး၊ လက်တွေ့ကျကျစဉ်းစားနိုင်ဖို့နဲ့ သမိုင်းကြောင်းနောက်ခံကို အနည်းငယ်သိထားဖို့လည်း လိုအပ်ပါမယ်။

အချုပ်အားဖြင့်တော့ တို့တိုင်းပြည်က တို့ပြည်သူတွေဟာ မျက်မှောက်ကမ္ဘာ့အဖြစ်အပျက်တွေကနေ သင်ခန်းစာယူသင့်တာကို ယူကြရပါမယ်။ စံနှစ်မျိုးနဲ့ အင်အားကြီးတွေကြားမှာ ဖိအားဒဏ်ခံနိုင်ဖို့၊ မိမိကိုယ်မိမိကာကွယ်နိုင်ဖို့နဲ့ အနိုင်ကျင့်မခံရအောင်၊ ချိုးနှိမ်မခံရအောင် စည်းရုံးကြ၊ ညီညွတ်ကြဖို့သင့်ပြီဟူ၍ ဖြစ်ပါတယ်။ နောက်ဆုံးတော့ အနောက်အုပ်စုက လိုရင်လိုသလိုသုံးတဲ့ လူသားချင်းစာနာထောက်ထားမှုတို့၊ တန်းတူညီမျှမှု၊ တရားမျှတမှုတို့၊ လူ့အခွင့်အရေးတို့...ဘာညာစတာတွေဟာ ကြားကောင်းရုံ စားကောင်းရုံ ဝေါဟာရသက်သက်သာဖြစ်ပြီး မိမိတို့ကိုယ်တိုင်က ကစားစရာနယ်ရုပ်လေးတွေအဖြစ် မခံရအောင် သင်ခန်းစာယူတတ်ဖို့ပါပဲ။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပသည့် တတိယအကြိမ် World Construction Championship ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ရောက်ရှိနေသော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၇ ရက် ညနေပိုင်းတွင် ExpoForum Exhibition and Convention Center ၌ ကျင်းပသည့် “တတိယအကြိမ် World Construction Championship” ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့သည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတမှ ပေးပို့သော မိန့်ခွန်းအားဖတ်ကြား၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး ဆောက်လုပ်ရေးနှင့် အိုးအိမ်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဆောက်လုပ်ရေးဆိုင်ရာ အကြီးအကဲများက အမှာစကားပြောကြားကြသည်။

ထို့နောက် တာဝန်ရှိသူများက ပါဝင်ယှဉ်ပြိုင်မည့်အသင်းများ၏ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ပြိုင်ပွဲအတွက် ပူးပေါင်းဆောင်ရွက်နေသော ဆောက်လုပ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများကို မိတ်ဆက်တင်ပြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ခင်းကျင်းပြသထားသော ပြခန်းများနှင့် ပြိုင်ပွဲပြုလုပ်မည့်နေရာများသို့ လိုက်လံကြည့်ရှုလေ့လာကြသည်။




အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆောက်လုပ်ရေးနှင့် အိုးအိမ်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံနိုင်ငံများမှ ဖိတ်ကြားထားသူများနှင့်အတူ Smart City Conference, Russia – ASEAN Digital Space ဆွေးနွေးပွဲသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆောက်လုပ်ရေးနှင့်အိုးအိမ်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဆောက်လုပ်ရေးကဏ္ဍမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် အာဆီယံနိုင်ငံများမှ ဆောက်လုပ်ရေးဝန်ကြီးဌာန အကြီးအကဲများက Smart City နှင့် သက်ဆိုင်သောနည်းပညာ၊ အချက်အလက်နှင့် ပန်းတိုင်ထားရှိ ဆောင်ရွက်နေသည့် အခြေအနေနှင့် ဖြတ်သန်းခဲ့သည့်အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

Smart City Conference, Russia–ASEAN Digital Space ဆွေးနွေးပွဲတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ(SDGs)နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများအကြား ကွာဟချက်များကို နည်းပညာဖြင့် ပေါင်းကူးပေးခြင်းဖြင့် စမတ်မြို့များ ဖြစ်ပေါ်လာစေရေး ကြိုးပမ်းအားထုတ်ရန်၊ သတင်းအချက်အလက်များ၊ ဆက်သွယ်ရေးနည်းပညာများ (ICT)နှင့် အခြားနည်းပညာဆိုင်ရာ နည်းလမ်းများကို အသုံးပြုကာ ဆန်းသစ်တီထွင်ထားသောမြို့များကို ဖော်ထုတ်ခြင်းဖြင့် လူနေမှုဘဝအရည်အသွေး၊ မြို့ပြလုပ်ငန်းဆောင်တာများနှင့် ထိရောက်သောဝန်ဆောင်မှုများဖြင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိစေ၍ ယနေ့ခေတ်နှင့် အနာဂတ်မျိုးဆက်များ၏ လိုအပ်ချက်များကို ပိုမိုတိုးတက်စေရန်၊ နည်းပညာအဆင့်မြင့်ရုံသာမက ရေရှည်တည်တံ့သော Smart City များကို အတူတကွဖန်တီးနိုင်ရန် နှင့် စမတ်မြို့ကြီးများသည် လူမှုပတ်ဝန်းကျင်အား ပိုမိုကောင်းမွန်သော နေထိုင်မှုစနစ်နှင့် ရေရှည်တည်တံ့ကာ သာယာဝပြောသော လုံခြုံသည့်အနာဂတ်ကို တည်ဆောက်ခြင်းဖြစ်၍ စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်ရန်တို့ကို ဦးတည်၍ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆောက်လုပ်ရေးနှင့်အိုးအိမ်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များက စုပေါင်းဆွေးနွေးတင်ပြသည့် New Times Technology; Construction Site of the Future Conference သို့ တက်ရောက်ခဲ့ပြီး 3rd World Construction Championship ၏ ExpoForum အတွင်း ပြသထားသောပြခန်းများနှင့် ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်သည် ရုရှားဖက်ဒရေးရှင်း နိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေး ကော်မတီ ဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ညှိနှိုင်းဆွေးနွေး**



ထိုသို့ တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့နှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့တို့ ပူးပေါင်း၍ နှစ်နိုင်ငံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ထမ်းများ လေ့ကျင့်သင်ကြားရေး၊ ပညာသင်စေလွှတ်ရေး၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အတတ်ပညာရှင်များ အပြန်အလှန် အတွေ့အကြုံ ဖလှယ်ရေး၊ လေ့ကျင့်သင်ကြားရေး ဆိုင်ရာ နည်းပညာ အထောက်အကူပြုရေး၊ လုပ်ငန်းသဘောဆွေးနွေးပွဲများကျင်းပရာတွင် အပြန်အလှန် ဖိတ်ကြားဆောင်ရွက်ရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုဆိုင်ရာ အတွေ့အကြုံများ ပူးပေါင်း ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးပြီး နှစ်ဦးနှစ်ဖက် အပြန်အလှန် အကျိုးပြုသည့် အကြောင်းအရာများကို စတင်လုပ်ဆောင်ရန် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်များနှင့် အမျိုးသားစီးပွားရေးနှင့် ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ရုရှားသမ္မတအကယ်ဒမီ (RANEPA)တို့ သဘောတူညီချက်ရေးထိုး ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အဖွဲ့ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးစိုးတင့်နှင့် တာဝန်ရှိသူများ၊ ရုရှားနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့မှ ပြည်ပဆက်ဆံရေး ကော်မတီမှ ဒုတိယဥက္ကဋ္ဌ Vyacheslav G. Kalganov၊ နိုင်ငံတကာဆက်ဆံရေးဌာနမှ အထူးအရာရှိချုပ် Dmitry M. Krutoy၊ ခရိုင်အုပ်ချုပ်ရေးမှူး Andrey A.Kononov၊ အဆင့်မြင့် ကင်ဆာကုသရေးစင်တာမှ ဒါရိုက်တာဖြစ်သူ Vladimir M. Moiseenko၊ အမျိုးသားစီးပွားရေးနှင့် ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ရုရှားသမ္မတအကယ်ဒမီ (RANEPA)မှ ဒါရိုက်တာဖြစ်သူ Andrey D. Khlutkov တို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၉**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr.Grigoriev Evgeny Dmitrievich ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မြို့တော်ခန်းမရှိ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူချင်းချစ်ကြည်ရင်းနှီးမှုတိုးမြင့်စေရန် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ နှစ်နိုင်ငံမြို့များဖြစ်သည့် နေပြည်တော်နှင့် စိန့်ပီတာစဘတ်မြို့များအကြား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်နှင့် စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



တွေ့ဆုံပွဲသို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်သည် စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့အား နေပြည်တော်ရှိ Jasmine ဟိုတယ်၌ နေ့လယ်စာဖြင့်တည့်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း သစ်လွင်သူနာပြုများကို ဌာနဆိုင်ရာအမိန့်စာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၉**

ကျန်းမာရေး ဝန်ကြီးဌာန၏ သစ်လွင်သူနာပြုများ တာဝန်ပေးအပ်သည့် ဌာနဆိုင်ရာ အမိန့်စာပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ Hybrid စနစ်ဖြင့် ကျင်းပရာ နေပြည်တော်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် ခန့်အပ်တာဝန်ပေးအပ်ခံရသည့် သစ်လွင်သူနာပြုများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စဉ်ဆက်မပြတ် လေ့လာသင်ယူ**

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက သူနာပြုဆရာ ဆရာမများကို အထူးမှာကြားလိုသည်မှာ နိုင်ငံတော်တာဝန်ကို အုတ်တစ်ချပ်သဲတစ်ပွင့် ထမ်းရွက်ရာတွင် မိမိတို့ တာဝန်ကျရာနေရာဒေသအသီးသီးသို့ သွားရောက်၍ ပြည်သူလူထုကို ကျန်းမာရေး စောင့်ရှောက်မှုပေးရမည်ဖြစ်ပြီး သူနာပြု ဆရာဆရာမများ လိုက်နာရမည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာကျင့်ကြံကြစေလိုကြောင်း၊ လူနာများကို နွေးထွေးပျူငှာဆက်ဆံကြရန်နှင့် အခြေခံသူနာပြုစုမှုနှင့် သားဖွားအတတ်ပညာများကို အသုံးပြု၍ ပြည်သူများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ပြုစုပေးနိုင်သော ခံယူချက်မှန်ကန်သည့် သူနာပြု ဆရာဆရာမကောင်းများ ဖြစ်ကြစေလိုကြောင်း၊ မည်သည့်အခြေအနေမျိုးနှင့်ကြုံတွေ့စေကာမူ လူနာများကို တာဝန်မဲ့စွာ စွန့်ခွာသွားခြင်း မပြုလုပ်စေလိုကြောင်း၊ စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး ပြည်သူများအား ဘေးကင်းလုံခြုံစိတ်ချရပြီး အရည်အသွေးရှိသော သူနာပြုစုမှုပညာများဖြင့် ပြုစုစောင့်ရှောက်မှုများပေးပြီး လူထုမှ စိတ်ကျေနပ်မှုရရှိပြီး အားကိုးယုံကြည်ထိုက်သော သူနာပြုများ ဖြစ်အောင် ကြိုးစားစေလိုကြောင်း။

ထို့ပြင် သူနာပြု-သားဖွား ဒီပလိုမာ (၃)နှစ် သင်တန်း တက်ရောက်အောင်မြင်ပြီးပါက (၉)လ အထူးပြုသူနာပြု ဒီပလိုမာ သင်တန်း၊ အရေးပေါ်သူနာပြုစုမှုပညာသင်တန်း၊ သူနာပြုသိပ္ပံ (B.N.Sc) (ပေါင်းကူး)သင်တန်း၊ ဘွဲ့လွန်ဒီပလိုမာ အရေးပေါ်သူနာပြုစုမှုပညာသင်တန်း၊ ပြည်သူ့ကျန်းမာရေးမဟာသိပ္ပံဘွဲ့(MPH)၊ သူနာပြုမဟာသိပ္ပံဘွဲ့(M.N.Sc)၊ သူနာပြု ပါရဂူဘွဲ့(Ph.D)များသို့ တက်ရောက်နိုင်သည့် အခွင့်အလမ်းများ ရှိသည့်အတွက် စဉ်ဆက်မပြတ် ကြိုးစားစေလိုပါကြောင်း၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့များကို ပြည်တွင်းတွင်သာမက ပြည်ပတွင်ပါ လေ့လာဆည်းပူးနိုင်ရေး ဆက်လက်ကြိုးစားစေလိုကြောင်း ပြောကြားသည်။



ထို့နောက်ပြည်ထောင်စုဝန်ကြီးက သစ်လွင်သူနာပြုဌာနဆိုင်ရာ အမိန့်စာများကို သစ်လွင်သူနာပြုများကိုယ်စား ကိုယ်စားလှယ်တစ်ဦးကို ပေးအပ်ပြီး သစ်လွင်သူနာပြုများကိုယ်စား သစ်လွင်သူနာပြုတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် နေပြည်တော် သူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများက တေးသရုပ်ဖော်အကအလှများဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေခဲ့ကြပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုငွေ ချီးမြှင့်ခဲ့သည်။

ကျန်းမာရေး ဝန်ကြီးဌာန အနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း သူနာပြုအုပ်များအား သူနာပြုအုပ်ကြီး ရာထူးအဖြစ် လည်းကောင်း၊ သူနာပြုကြီး ၁၃၇ ဦးအား တာဝန်ခံသူနာပြုကြီး ရာထူးအဖြစ် ရာထူးတိုးမြှင့် ခန့်အပ်ပေးခဲ့ပြီး ယနေ့ ခန့်အပ်လိုက်သည့် သစ်လွင်သူနာပြုအဖြစ် ခန့်အပ်တာဝန်ပေးသည့် သူနာပြု-သားဖွား ဒီပလိုမာ အောင်မြင်သူ ၁၇၄၅ ဦးအပါအဝင် သူနာပြုသိပ္ပံဘွဲ့ရသူ ၃၇ ဦးကို သစ်လွင်သူနာပြုများအဖြစ် လည်းကောင်း၊ ဆေးဘက်ဆိုင်ရာ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာဘွဲ့ရ ၃၅ ဦးတို့ကို ဆေးဘက်ကျွမ်းကျင်(၂) (ဓာတ်မှန်)အဖြစ် လည်းကောင်း၊ ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာဘွဲ့ရ ၃၇ ဦး တို့ကို ဆေးဘက်ကျွမ်းကျင်(၂) (အကြော)အဖြစ် လည်းကောင်း၊ ဆေးဘက်ဆိုင်ရာ သတင်းအချက်အလက်နည်းပညာဘွဲ့ရ နှစ်ဦးကို ဒု-စာရင်းအင်းမှူး(ဆေးမှတ်တမ်း)အဖြစ် လည်းကောင်း၊ ဆေးဘက်ဆိုင်ရာဓာတ်ခွဲ နည်းပညာဘွဲ့ရ ၃၀ တို့ကို ဆေးဘက်ကျွမ်းကျင်(၂) (ဓာတ်ခွဲ)အဖြစ် လည်းကောင်း အောက်တိုဘာ ၅ ရက်တွင် ဗဟိုအဆင့် ဆေးရုံကြီးများ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ဆေးရုံကြီးများတွင် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့်သင်ကြားသော ပုဂ္ဂလိကအခြေခံပညာကျောင်းများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၉**

နိုင်ငံတကာ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ပုဂ္ဂလိက အခြေခံပညာကျောင်း (International Schools)များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ပုဂ္ဂလိက အခြေခံပညာကျောင်း တည်ထောင်သူများ၊ ကျောင်းအုပ်ကြီးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးများက နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ပုဂ္ဂလိက အခြေခံပညာကျောင်း (International Schools)များ ဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ချသော ပညာရပ် အရည်အသွေး မြင့်မားရေးနှင့် ကျောင်းသား ကျောင်းသူများ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ရှင်သန်ထက်မြက်စေရေး၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ လိုက်နာထိန်းသိမ်းတတ်စေရေး တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

**တင်ပြဆွေးနွေး**

ဆက်လက်၍ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ပုဂ္ဂလိက အခြေခံပညာကျောင်းများမှ တက်ရောက်လာသူများက ကဏ္ဍအလိုက်သိရှိလိုသည်များနှင့် တွေ့ကြုံသော အခက်အခဲများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ပြန်လည်ဆွေးနွေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တွံတေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက အယ်လ်နီညို ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်နှင့် ပတ်သက်၍ အသိပညာပေး ဟောပြော

**တွံတေး အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက အယ်လ်နီညို ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက် ၁၀ နာရီခွဲက ကျွန်းဘက်ကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် တွံတေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်မောင်ထွဋ်က အယ်လ်နီညိုဖြစ်စဉ်ကြောင့် ငါးလုပ်ငန်းကဏ္ဍအပေါ် သက်ရောက်နိုင်မှုနှင့် အပူချိန်အမြင့်မားဆုံးကာလများ ဖြစ်သည့် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ဖြစ်ပေါ်လာနိုင်သည့် ငါးမွေးမြူရေးနှင့် ငါးလုပ်ငန်းလုပ်ကိုင်ကြသည့် ဒေသခံပြည်သူများ ကြုံတွေ့ရမည့် အခြေအနေများကို ကြိုတင်ပြင်ဆင်ထားရှိရန်၊ အယ်လ်နီညိုဖြစ်ပွားချိန်တွင် လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်နိုင်ရန်၊ အယ်လ်နီညို ရာသီဥတုဖြစ်ပေါ်မှုကြောင့် ငါးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများအား ကြိုတင်ကာကွယ်နိုင်ရန်၊ အယ်လ်နီညိုဖြစ်ပွားချိန်နှင့် ဖြစ်ပွားပြီးနောက် ဆောင်ရွက်ရမည့်အကြောင်းအရာများကို မွေးမြူရေးလုပ်ငန်းရှင်များနှင့် ရေလုပ်သားများအား အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို တွံတေးမြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ရေလုပ်သား စုစုပေါင်း ၅၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လက်ပံတန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနား ကျင်းပ

**လက်ပံတန်း အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်း၌ ယမန်နေ့ မွန်းလွဲပိုင်းက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနား၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးမိုးက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ပေးအပ်**

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၄၀ အားလည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်း (သာရဝေါ)မှ ကျောင်းသား ကျောင်းသူ ၃၃၅ ဦးအားလည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း ၅၇၅ ကတ်အား သက်ဆိုင်ရာ ကျောင်းအုပ်များထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဆင့်**



# အမျိုးသားစာပေဆုရ၊ ဂီတထူးချွန်ပထမဆင့် မဟာဂီတဗဟိုအကဲဖြတ်ပညာရှင် စာရေးဆရာမကြီး ရွှေကူနန်းနွဲ့နွဲ့ ရေးသားပြုစုသော ခေတ်အဆက်ဆက်ယဉ်ကျေးမှု၏ တေးဂီတပဲ့တင်သံ

## အမျိုးသားစာပေဆုရ ဂီတထူးချွန်ပထမဆင့် မဟာဂီတဗဟိုအကဲဖြတ်ပညာရှင် ရွှေကူနန်းနွဲ့နွဲ့ တင်ပြသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် စာတမ်းရှင်ရွှေကူနန်းနွဲ့နွဲ့ ဆွေးနွေးခန်း။**



**ဦးလွင်မြင့်။** ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တစ်နှစ်တစ်ကြိမ် နိုင်ငံတော်က ကြီးမှူးကျင်းပတဲ့ "အဆို၊ အက၊ အရေး၊ အတီး" ပြိုင်ပွဲကြီး ကျင်းပနေချိန်မှာ "ခေတ်အဆက်ဆက် ယဉ်ကျေးမှု၏ တေးဂီတပဲ့တင်သံ"ဆိုတဲ့ ခေါင်းစဉ်နဲ့ ကျွန်တော်တို့ဆွေးနွေးပွဲကို စလိုက်ကြရအောင်ပါ။

**ရွှေကူနန်းနွဲ့နွဲ့။** ။ ကောင်းတာပေါ့ဆရာ။ ဆရာတို့ ကျွန်မတို့ အသက်အရွယ်အရ နောက်လူတွေကို ကျွန်မတို့ ဆည်းပူးခဲ့သမျှ သိထားတတ်ထားတာလေးတွေကို မှတ်တမ်းအဖြစ် ထားခဲ့ဖို့တာဝန်ရှိပါတယ်ဆရာ။

**လွင်** ။ ။ ဒါကြောင့်ပဲ မဟာဂီတဆရာမကြီးနဲ့ ဒီနေ့ဆွေးနွေးရမှာပါ။ ကျွန်တော်တို့ ဂီတဆိုတဲ့အရာကို လေ့လာမယ်၊ ခြေရာကောက်မယ်ဆိုရင် ကိုယ်ပိုင်ဂီတရဲ့ သရုပ်သကန်ကို ခေတ်အဆက်ဆက် သမိုင်းနဲ့ချီပြီး ပြောရမှာပါ။

**နန်း** ။ ။ ဟုတ်ပါတယ်။ မြန်မာတို့ရဲ့အစောဆုံးခေတ်အဖြစ် သမိုင်းတင်တာ ပျူခေတ်ပါ။ ပျူခေတ်မှာ စာပေနဲ့ သမိုင်းမတင်သေးပေမယ့် ဂီတရှိနေကြောင်းကို တူးဖော်ရရှိတဲ့ အထောက်အထားတွေအရ အသေအချာပြောနိုင်ပါပြီ။ တူးဖော်ရရှိတဲ့အရုပ်ကလေးတွေဟာ တီးမှုတ်သီဆိုကခုန်နေကြတဲ့ အရုပ်ကလေးတွေဖြစ်လို့ မြန်မာ့ဂီတ၊ မြန်မာ့တူရိယာ အဆို၊ အတီး၊ အက ပြည့်စုံနေတာကိုတွေ့ရပါတယ်။

**လွင်** ။ ။ ဒီအရုပ်ကလေးတွေက နိုင်ငံခြားကို ရောက်သွားပြီး ကာလတစ်ခုကြာမှ မြန်မာပြည်ကို ပြန်ရောက်လာတယ်လို့ သိထားပါတယ်။ ယခုကာလမှာတော့ ပြတိုက်တွေမှာ ပုံတူတွေပွားပြီးပြထားတာမို့ ပြည်မြို့က အမျိုးသားပြတိုက်၊ ရန်ကုန်နဲ့ နေပြည်တော်ပြတိုက်တွေမှာလည်း လေ့လာနိုင်ကြပါတယ်။

**နန်း** ။ ။ ပျူခေတ်မှာ ပျူမင်းသားတစ်ပါးက အနုပညာရှင်အဖွဲ့ဝင်နှစ်ဆယ်ကျော်နဲ့ တရုတ်ပြည်ကို ချစ်ကြည်ရေးသွားရောက်ခဲ့တယ်။ တရုတ်ဘုရင်ရဲ့နန်းတော်ထဲမှာ အဆို၊ အတီး၊ အကတွေနဲ့ ဖျော်ဖြေပြီး မြန်မာ့ယဉ်ကျေးမှုကို ပြသခဲ့တယ်ဆိုတာ တရုတ်သမိုင်းမှာလည်း မှတ်တမ်းရှိနေပါတယ်။

**လွင်** ။ ။ ဂုဏ်ယူစရာ အထောက်အထားပါပဲဗျာ။ ပျူခေတ်ပြီးတော့ ပုဂံခေတ်ရောက်ပြီပေါ့။ မဟာဂီတဆရာမကြီးတို့ရဲ့ ဆည်းပူးခဲ့သမျှ မျှဝေပေးပါဦး။

**နန်း** ။ ။ ပု၊ ပင်း၊ အင်း၊ တောင်၊ ညောင်၊
ကုန်းဘောင်။
ပုဂံခေတ်၊
ပင်းယခေတ်၊
အင်းဝခေတ်၊
တောင်ငူခေတ်၊
ညောင်ရမ်းခေတ်၊
ကုန်းဘောင်ခေတ်ဆိုပြီး

ဆင့်ကဲပြောင်းလဲလာရာမှာ ပျူခေတ်မှ ပုဂံခေတ်ရောက်တော့ မြန်မာစာပေ၊ ဗုဒ္ဓစာပေ အတော်ကြီးထွန်းကားလာပြီ။ ရှင်အရဟံနဲ့ အနုရုဒ္ဓါအမည်ခံ အနော်ရထာမင်းကြီးတို့ရဲ့ သာသနာပြုလုပ်ငန်းတွေကြောင့် ပုဂံပြည်ကြီးမှာ ပိဋကတ်စာပေသင်ကြားသူ၊ သင်ယူသူတွေနဲ့ စာအံသံ၊ စာရွတ်သံတွေ ညံမစဲရှိပြီ။ သံဖျင်မင်းသမီးဆိုတာ သံဃာတော်တွေကိုတောင် စာပေပို့ချနိုင်ခဲ့တဲ့ သာဓကရှိပါတယ်။ အဲဒီစာပေထွန်းကားတာနဲ့အတူ ကဗျာလင်္ကာဂီတလည်း ထွန်းကားလာခဲ့တယ်။ ဘုရားပွဲတွေ၊ ဒါနပွဲတွေ၊ စစ်အောင်ပွဲတွေရှိလာပြီ။ ဂီတသဘင်ခင်းကျင်းမှုတွေလည်း ရှိလာပါပြီ။

**လွင်** ။ ။ ကျွန်တော်တို့ ပုဂံဘုရားအများအပြားမှာ ဆိုကြ၊ တီးကြ၊ ကကြတဲ့ အရုပ်ကလေးတွေကို နံရံဆေးရေးပန်းချီတွေ၊ အုတ်ခွက်အရုပ်ကလေးတွေ တွေ့ရတာအထင်အရှားပါပဲ။

**နန်း** ။ ။ ဂီတဟာ ကဗျာကစတယ်၊ ကဗျာကလည်း လင်္ကာကလာတယ်လို့ ပညာရှင်တွေ ဆိုမိန့်ပါတယ်။ ပုဂံခေတ်မှာ ပုပ္ပားနတ်တောင်ကို ဖွဲ့တဲ့လင်္ကာလေးကို လေ့လာကြရအောင်ပါ။

**"ပုပ္ပားနတ်တောင်ဘွဲ့"**
သိုးကလေ၊
ပုပ္ပားနတ်တောင်
အခေါင်မြင့်ဖျား စုံတောပြား၌
နံ့ရှားကြိုင်လွင့်
ခါတန်ပွင့်သည်။
ရွှေနှင့်ယိုးမှား
ပန်းစံကား။

"သိုးကလေ"ဆိုတာ ပုပ္ပားတောင်ကလပ်ရဲ့ ပုံသဏ္ဌာန်ဟာ မြူတွေဆိုင်းတဲ့အခါမှာ သိုးဆောင်းဦးထုပ်ဆောင်းထားတဲ့ပုံမို့ တင်စားပြီး ချစ်စဖွယ် အာလုပ်စကားနဲ့ "သိုးကလေ"လို့ ကဗျာသဘောနဲ့ ဖွဲ့ဆိုတာပါ။

**လွင်** ။ ။ ပုဂံအကဟာ ဒီဘက်ခေတ်မှာ ပေါ်ပေါက်လာတဲ့ အကလို့ ကျွန်တော်တို့သိထားပါတယ်။ ဒါလေးလည်း ဆွေးနွေးပါဦး။

**နန်း** ။ ။ ဟုတ်ပါတယ်။ ရှေးအကျဆုံး အမေထွေးတို့ (နန်းတွင်းမင်းသမီး မထွေးလေး) ခေတ်က ဒီအက မရှိသေးပါဘူး။ လွတ်လပ်ရေးရပြီး ဒီဘက်ခေတ်မှာ ယဉ်ကျေးမှုဝန်ကြီးဌာနကို တည်ထောင်ပြီးတဲ့နောက် ပုဂံဘုရားတွေရဲ့ နံရံဆေးရေးပန်းချီတွေကို လေ့လာပြီး အကဗေဒကျွမ်းကျင်သူတွေက လူနဲ့ကိုယ်တိုင် "ခေါင်း၊ ခါး၊ ခြေ၊ လက်" ကကွက်စမ်းသပ်ပြီး သူတို့လှုပ်ရှားပုံအလိုက် စည်းဝါးနဲ့ လိုက်ဖက်မယ့် တီးကွက်ကို တစ်ခုချင်းဖန်ဆင်းတီထွင်ယူကြပါတယ်။ ပုဂံအကကို သေချာလေ့လာရင် ဘယ်တေးသွားကိုမှ အခြေခံယူ တီးမှုတ်ထားခြင်းမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ပုဂံခေတ်မှာ ပေါ်ပေါက်ခဲ့တဲ့ တေးသီချင်းရယ်လို့ မှတ်တမ်းမှတ်ရာ မတွေ့ရလို့ပါပဲ။ ပုဂံအကကို ကြံဆတီထွင်ခဲ့ကြတဲ့ ပညာရှင်ကြီးတွေကတော့ ယုဝတီဒေါ်ခင်ညွန့်၊ ဒေါ်ဗလပြန်၊ စိန်တလေး၊ မြတလေးတို့ဖြစ်တယ်ဆိုတာ လေ့လာသိရှိရပါတယ်။ ပုဂံအကနဲ့ တီးချက်ကို တွေးယူပုံဖော်ခဲ့ကြတဲ့ ဒီယဉ်ကျေးမှုက ပညာရှင်ကြီးတွေကို ဂုဏ်ပြုတဲ့အနေနဲ့ ပုဂံအကနဲ့ စည်းဝါးတီးကွက်တွေကို လေ့လာသင့်ပါတယ်။

ဒီလိုသံရိုးနဲ့ရှိခဲ့ရာက ပညာရှင်တွေ ဉာဏ်ကစားပြီး "ပတ်စာပိုးအသံ" ပတ်စာထည့်ပိုးထားတဲ့ အသံနဲ့ သီဆိုတီးမှုတ်ကြည့်တဲ့အခါ အခုကြည့်ရမယ့် ထောင်ရောင်နေ နန်းတွင်းယိမ်းဟာ မြန်မာ့ဂီတနဲ့ အကအလှ ယဉ်ကျေးမှုကို ဂုဏ်ယူဖွယ်တွေ့ရပါမယ်။

**လွင်** ။ ။ ကြိုးပြီးတော့ ဘွဲ့လာမယ်နော်၊ ဘွဲ့ထဲမှာတော့ 'ဂန္ဓမာတောင်'က ကာလသားတွေ ကြိုက်ကြတယ်နော်။

**နန်း** ။ ။ ဟုတ်ပါတယ်၊ အလှမ်းမမီတဲ့ ချစ်သူလေးကို ယက္ခကုမ္ဘဏ်တွေ စောင့်တဲ့ မဥ္ဇူသကနတ်ပန်းနဲ့ တင်စားတဲ့သီချင်းပါ။ အဲဒီသီချင်းနဲ့အလားတူ ရန်တကာအောင်ဆိုတဲ့ ဘုန်းတော်ဘွဲ့၊ သည်ဆောင်းဟေမာန်ဆိုတဲ့ သဇင်ပန်းဘွဲ့တွေရှိပါတယ်။

**လွင်** ။ ။ သဇင်ပန်းကို တခမ်းတနားရေးထားတာ သိပ်ကောင်းပါတယ်။

**နန်း** ။ ။ တခမ်းတနားဆို ဘုရင်ခေတ်က ဒီပန်းဟာ အသုံးမတော်ရင် ရာဇဝတ်သင့်တဲ့ပန်းကိုး။

**လွင်** ။ ။ ဘယ်လို ဘယ်လို ဆရာမရှင်းပြပါဦး။

**နန်း** ။ ။ ဘုရင်ခေတ်က ဒီပန်းက တော်ဝင်ပန်း၊ အဆင့်မြင့်ဆုံးပန်း။ ဘုရင်မိဖုရား၊ မင်းညီမင်းသား၊ နန်းတော်သူနန်းတော်သားတွေ ဦးဦးဖျားဖျားပန်ပြီးမှ အခြားလူတန်းစား ရိုးရိုးလူတွေပန်ဆင်ကြရတယ်။ ရာမရကန်ဦးတိုးက သူ့ရဲ့ရာမရကန်မှာ သဇင်ပန်းအချီ ရကန်တစ်ပိုဒ်ကို ရေးသားထားတာမှာ (ဝေယန်နန်းမြင့်၊ ပန်းတိုင်းတင့်မို့၊ မြို့ဝန်မင်းစာ၊ လိပ်မပါဘဲ၊ ကွယ်ရာဈေးပင်၊ ရောင်းလို့များ မြင်မလား၊ သေချင်သေ၊ ရှင်ချင်ရှင်၊ အင်မတန့် အင်မတန်၊ ရာဇဝတ်တော်ခံရမည်၊ မြတ်ပန်းတော်ပန်း၊ ခိုင်လုံးလန်းကို၊ ဟိုလောင်ပန်းပွင့်၊ ဘယ်ဂုဏ်ကြောင့် ဝင့်မတုံး၊ ဘုန်းနှင့်ကံနှင့် ရွှေသဇင်)လို့ ရေးခဲ့တယ်။

ရွှေနန်းတော်က "ပန်ကြစေ"အမိန့်ရမှ ပန်ရတယ်၊ သို့မဟုတ်ရင်ဖြင့် ရာဇဝတ်တော်သင့်မယ်တဲ့။ အဲဒီတော့ ... "သည်ဆောင်းဟေမန် သဇင်ပန်း"ဘွဲ့ထဲက "ရွှေနန်းတော်လုံးအပိုဒ်ထဲက ရွှေသိုင်း ညွန့်တလူလူ"ဆိုတဲ့ သဇင်ပန်းကြိုဆိုရာမှာ ဝင်းခင်းပြီး သိုင်းနဲ့ ကျိုင်းနဲ့ ကြီးကျယ်ခမ်းနားစွာကြိုကြပုံကို မြင်ကြည့်ကြရအောင်ပါ။

**လွင်** ။ ။ နောက် ဘယ်ခေတ်၊ ဘယ်တေးအမျိုးအစားတွေကို ဆွေးနွေးဦးမှာလဲခင်ဗျာ။

**နန်း** ။ ။ အဲချင်းအကြောင်း ဆွေးနွေးကြပါဦးစို့။

အဲချင်းဟာ အမျိုးသမီးတွေရဲ့ နှုတ်မှုကျွမ်းကျင်တာကို ပြသတဲ့ကဗျာတစ်မျိုးပါပဲ။ အဲချင်းကို တစ်ဦးချင်းလည်း ရွတ်ဆိုနိုင်ပြီး အဲတိုင်၊ အဲခေါ်ဆိုတဲ့ အပြိုင်အဆိုင်ရွတ်ဆိုကြတဲ့ ဓလေ့လည်း ရှေးကရှိခဲ့ပါတယ်။ ဒီမှာတော့ "အဲမောင်ယာ" လို့ အဲချင်းအရေးကောင်းတဲ့ စာဆိုတော်ကြီး ဦးယာရဲ့ တန်ခူးလဘွဲ့အဲချင်းကို တင်ဆက်လိုက်ပါတယ်။

**တန်ခူးလဘွဲ့အဲချင်း (ဦးယာ)**

ပတ်လည်ငယ်မှဝန်းကျင်၊ တိမ်နဂါးရုံမင်းလွင်ပုံမှာ၊ မြူမုံဝိုက်သိုင်း၊ ကြည့်လေတိုင်းကို၊ မှိုင်လွင်လွင်ငယ်နှင့်လေး။ ထက်ခွင်မိုးလ စိတြနှင့် မိဿရာသီ၊ ချိန်ခါမယွန်း၊ ယှဉ်ပြိုင်ထွန်းကြတယ်၊ ပြည့်ဝန်းငယ်ညီသည်။ ခါအညီဆောင်ယွန်းလို့သွန်း၊ ညောင်ရေသီတာနှင့်၊ သကြံန်တာပွဲ။

**လွင်** ။ ။ အင်းဝခေတ်ကနေ တောင်ငူခေတ်ရောက်လာတော့ နတ်သျှင်နောင်ပဲ ပြေးသတိရတယ်ဗျာ။

**နန်း** ။ ။ ပြည်လှဖေရဲ့ နတ်သျှင်နောင်သီချင်းကလည်း လူတိုင်းကြိုက်တဲ့ ခေတ်ဟောင်းတေးဖြစ်နေတယ်လေ။

**လွင်** ။ ။ နတ်သျှင်နောင် သီချင်းက မျက်မှောက်ကာလမှာ ပြန်ပြီး ခေတ်စားလာဖို့ ရှိသေးတယ်ဗျာ။ ဒီလိုလေ - အခု တက္ကသိုလ်ဝင်တန်းရဲ့သင်ရိုးသစ် မြန်မာစာမှာ နတ်သျှင်နောင်ရဲ့ရတုကို ကဗျာအနေနဲ့ ပြဋ္ဌာန်းလိုက်ပြီဆိုတော့ ဒီသီချင်းကိုလည်း မြန်မာစာဆရာတွေ မျက်စိကျလောက်တယ်ဗျ။

**နန်း** ။ ။ နတ်သျှင်နောင်က သုံးပုဒ်ရေးခဲ့တဲ့ ပိုဒ်စုံရတုကို သီချင်းထဲမှာတော့ ပထမတစ်ပိုဒ်ပဲ ထည့်ထားတော့ နောက်နှစ်ပိုဒ်ကိုလည်း လူတွေသိချင်ကြတယ်လေ။ အခု ကျောင်းသားတွေ သင်ခွင့်ရတာ သိပ်ဝမ်းသာစရာကောင်းတယ်နော်။

**လွင်** ။ ။ တောင်ငူခေတ် ပြီးတော့ ညောင်ရမ်းခေတ်ပေါ့၊ ဆက်ပါဦးဗျာ။

**နန်း** ။ ။ ညောင်ရမ်းခေတ်ကတော့ ပြောစရာများပါမယ်။ ဘာကြောင့်ဆို ကျွန်မတို့ 'ကြိုး'သီချင်းအခန်းမှ တင်ပြခဲ့တဲ့ မြန်မာ့ဂီတရှေးဦးသင် - အသံသင်္ကေတပြတဲ့ "ထံ၊ တျာ၊ တေဟာ ညောင်ရမ်းခေတ်ရဲ့ တန်ဖိုးအကြီးဆုံး စာပေဂီတတစ်ခုဖြစ်လို့ပါပဲ။ အဲဒီခေတ်ဟာ အင်းဝခေတ်ရဲ့ တိုးတက်ဖွံ့ဖြိုးတဲ့ စာပေဂီတသဘင်အနုပညာတွေကို ညောင်ရမ်းခေတ်ကို သယ်ယူလာပြီး သူ့နောက်တစ်ခေတ် "ကုန်းဘောင်" ခေတ်အထိ ပါလာလို့ပါပဲ။

**စာမျက်နှာ ၁၁ သို့** ❂



❂ စာမျက်နှာ ၁၀ မှ

**လွင်** ။ ။ ဟုတ်ကဲ့၊ သီချင်းရဲ့ကာလ၊ ရေးသားသူတွေကို သိရတာ အလွန်ကျေနပ်စရာကောင်းပါတယ်။ ဝန်ကြီးပဒေသရာဇာရဲ့ကျေးဇူးဟာ ကျွန်တော်တို့ ဂီတ၊ သဘင်၊ စာပေသမားတွေအပေါ်မှာ ကြီးမားပါတယ်ဗျာ။

**နန်း** ။ ။ ကျွန်မက အမျိုးသားစာပေဆုကို ဝန်ကြီးပဒေသရာဇာရဲ့ “မဃဒေဝ ကက်ပြဇာတ်ကို တေးဂီတရှုထောင့်မှ လေ့လာခြင်း” ဆိုတဲ့စာအုပ်နဲ့ရတာမို့ ဝန်ကြီးရဲ့ သံလျင်ကျိုက်ခေါက်ဘုရားအနီးက ဂူဗိမာန်မှာ သွားရောက်ဂါရဝပြုပြီးပါပြီရှင်။

**လွင်** ။ ။ ကောင်းတာပေ့ါဗျာ၊ ဝန်ကြီးရဲ့ ကျေးဇူးကြောင့် မြန်မာ့ဂီတဟာ အစ၊ အလယ်၊ အဆုံး ခိုင်မာနေတာပေ့ါ။ ဒါဆို အဲဒီ ‘မဃဒေဝကက်’ ပြဇာတ်အကြောင်း ပြောပါဦးဗျာ။

**နန်း** ။ ။ ‘မဃဒေဝကက်’ပြဇာတ်ဟာ မြန်မာစာပေသမိုင်းမှာ ပထမဆုံး စာပေနဲ့ မှတ်တမ်းတင်ခဲ့တဲ့ပြဇာတ်ပါ။ သူ့အရင်က အင်းဝခေတ်မှာ ဇာတ်တွေ ရှိနေပါပြီ။ ရေးသားသီဆိုရုပ်သေးနဲ့ သရုပ်ဖော်ကပြကြပါပြီ။ ဥပမာ- ရာမ၊ လက္ခဏာတို့ဇာတ်တွေဟာ ယိုးဒယားကနေ ဝင်ရောက်လို့ ရှိနေပါပြီ။ သို့ပေမယ့် စာပေနဲ့ အပြည့်အစုံရေးသားထားတာမရှိပါဘူး။ ဒီကွက်လပ်ကို ဝန်ကြီးပဒေသရာဇာက ဖြည့်လိုက်တာပါပဲ။

**လွင်** ။ ။ ဆရာမက “တေးဂီတရှုထောင့်က လေ့လာခြင်း” ဆိုတော့ ဒီပြဇာတ်မှာ ဘယ်လိုတေးဂီတတွေပါဝင်နေပါသလဲ။

**နန်း** ။ ။ ဒီမဃဒေဝကက် ပြဇာတ်ဟာ ပေ့ါသေးသေး မည်ကာမတ္တ ပြဇာတ်မဟုတ်ပါဘူး။ ဒီနေ့ ထက၊ ဒီနေ့ စင်ပေါ်မှာ၊ စင်အောက် ရွာစားကျော်တွေ တီးမှုတ်ဖို့ရာ တီးလုံးတီးချက်၊ ဇာတ်ဝင်တေးဆိုတာတွေ ပြည့်ပြည့်စုံစုံပါရှိပြီး အနောက်နိုင်ငံက ရိုတ်စပီးယားရဲ့ပြဇာတ်တွေကို ယှဉ်နိုင်တဲ့ အဆင့်မီပြဇာတ်တစ်ပုဒ်ပါ။

**လွင်** ။ ။ ဇာတ်ဝင်တေးတွေ၊ ဇာတ်ပို့တီးလုံးတွေလည်း ပြောပြပါဦး။

**နန်း** ။ ။ ဒီနေ့ကာလအထိ အသုံးပြုနေကြတဲ့ ဇာတ်ပို့တီးချက်တွေကတော့-

သပြေခံအတီး၊
သာကွင်းအတီး၊
အယိုင်အတီး၊
ယိုးဒယားအတီး၊
ဇာတ်သွားအတီး၊
ငိုချင်းအတီး၊
အိပ်ချင်းအတီးဆိုတဲ့ တီးချက်တွေကို ဇာတ်ခန်းအလိုက် ညွှန်းသွားပါတယ်။ ဒ့ါအပြင် ပြဇာတ်တစ်ပုဒ်လုံး‘တျာချင်း” ၄၃ ပုဒ်နဲ့ ဇာတ်ဝင်တေးတွေ ထည့်ထားပါသေးတယ်။

**လွင်** ။ ။ တျာချင်းကဗျာကို ဝန်ကြီးက ကောင်းကောင်း အသုံးချနိုင်တာဟာ ဒီကဗျာရေးနည်းကို သူတီထွင်ထားတာမို့ ပိုင်ပိုင်နိုင်နိုင်သုံးနိုင်တာပေ့ါနော်။ ကျွန်တော်တို့ အထက်တန်းကျောင်းသားဘဝမှာ သင်ခဲ့ရတဲ့ “ဝသန်ကာလ”ဆိုတဲ့ ကဗျာဟာ ‘တျာချင်း’ ကဗျာလို့ မှတ်မိနေပါတယ်။

**နန်း** ။ ။ ဒီတျာချင်းကဗျာဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀၀ ကျော်က ကဗျာပါ။ မြန်မာပညာရှိကြီးတွေက ထိန်းသိမ်းမှုကောင်းလွန်းလို့ (၁၀) တန်း ပြဋ္ဌာန်းကဗျာအနေနဲ့ ၂၀၁၃ ခုနှစ်အထိ တည်ရှိနေခဲ့ပါတယ်။ ကျွန်မတို့ ငယ်ငယ်တုန်းက လယ်သမားတျာဘွဲ့ “ဝသန်



ကာလ” သင်ရသလို ဒီဘက်ခေတ်ကလေးတွေက “နွေဦးကာလ”ကိုသင်ကြရတာပါ။ လယ်သမား၊ ထန်းတက်သမား၊ နွားဝန်တင် ပိန်းကောလှေထိုးသား စတဲ့ တောနေလူတန်းစားတွေရဲ့ဘဝသရုပ်ကို ကွက်ကွက်ကွင်းကွင်းရေးပြတာပါ။

**လယ်သမားတျာ**

၁။ ဝသန်ကာလ၊ မိုးကျတည့်လျှင်
ပျော်ပျော်ပါးပါး၊ မယားနှင့်ဆွေငယ်လင်
လက်တွဲငယ်ခြေငင်၊ ကိုယ်တွင်အဝတ်
ပုဆိုးအင်္ကျီ၊ စုတ်ပြဲပြီ
၂။ ချည်နီဗောင်းတွတ်တတ်ကယ်နှင့်လေး။ … ။
မိုးရေစွတ်လို့၊ အဝတ်ကယ်မပါ
သားသမီးကို၊ ကိုယ်ထီးပွေ့လို့သာ
ဆေးတံတစ်ထွာ၊ ကိုက်ကာထွန်ရင်း
လယ်ကွက်ကယ်တစ်ခွင်၊ ထွန်ရေးငင်
ရေဝင်ပုစွန်တွင်းငယ်နှင့်လေး။

**လွင်** ။ ။ ဒီကဗျာတွေက ဆိုလို့လည်း ကောင်းတယ်နော်။ ဆရာမ ပြဇာတ်စာအုပ်မှာလည်း ဒီသီချင်းတွေပါသေးလား။

**နန်း** ။ ။ ပါတာပေ့ါဆရာ။ ဝန်ကြီးမင်းရဲ့ မူရင်းသုံးပုဒ်၊ ကျွန်မရေးတဲ့ လေးပုဒ်၊ တျာချင်းရပန်ကို အဆို၊ အတီး တွဲပြီး ပြထားပါတယ်။

**တေးသွား**-မဃဒေဝကက္ခ၊ အသဿရာဇာ၊ တိမ်ဦးပျံ့လခါ၊
မြကြိုးတန်ဆာ၊ ရတနာနဂ္ဂ၊ လျှပ်ခြည် ညိုးညိုးငြိ၊
မြတ်မျိုးဇာတိ၊ ဘုန်းရှိသတို့သား၊ ရွှေစက်တင်လိုက်ရာ၊
အိမ်ရှေ့နန်းလျာ၊ သမ္ဘာငုံရင့်၊ ပွင့်ချိန်ခါ ကောင်းလင့်
သောင်းမြင့်မြေဗမ္ဗူ၊ ဆယ်ယူနှင်းတော့မည်။
မောင်းရင့်နေတစ်ဆူ၊ ထွက်ပြူလင်းတော့သည်။

**နန်း** ။ ။ ကျွန်မ သံချပ်ကဗျာအကြောင်း ဆက်ဆွေးနွေးချင်ပါတယ်။

**လွင်** ။ ။ ကောင်းတာပေ့ါဗျာ။ သွက်သွက်လက်လက် ဆူဆူညံညံလေး တစ်လှည့်ပေ့ါ။ သံချပ်က မြန်မာပွဲလမ်းမှာ မပါမဖြစ်ပဲလေ။ အထူးသဖြင့် သင်္ကြန်ပေ့ါဗျာ။

**နန်း** ။ ။ ဟုတ်ပါတယ်။ အိုးစည်၊ ဒိုးပတ်တွေနဲ့တွဲပြီး လမ်းလျှောက်ရင်းလည်း သီဆိုနိုင်တာကိုး။

{သံချပ်ကဗျာသည် ရှေးရှေးမှစ၍ ယခုခေတ်အထိ လူကြိုက်များပြီး အသုံးပြုဆဲကဗျာပင်ဖြစ်ပါသည်။ “သံချပ်” အဓိပ္ပာယ်မှာ ရှေ့မှစကားလုံးရွတ်ဆိုမှုအသံကို ထက်ကြပ်မကွာ ချက်ချင်းလိုက်ပါရွတ်ဆိုရသောကြောင့် “သံချပ်” ဟုခေါ်ဆိုခြင်းဖြစ်သည်။ သို့သော် “သံချပ်”၏ ဖြစ်တည်မှုမှာ သူ့ချည်းထီးတည်းရပ်တည်ခြင်းမဟုတ် တေးတစ်ခုခုဦးစွာသီဆိုပြီးမှသာ “သံချပ်”ကဏ္ဍသို့ကူးရောက်ပြီး “သံချပ်”၏ လေးနက်သောတာဝန်ကို ဖော်ဆောင်သွားလေ့ရှိပါသည်။

သံချပ်သည် အတိုင်၊ အဖောက် သီဆိုရသော “တစ်ယောက်နှင့်အများ” ပုံစံဖြင့် သီဆိုရသည့် စုပေါင်းကဗျာပင်ဖြစ်ပါသည်။ ရည်ညွှန်းချက်တစ်ခုခုဖြင့် ဖော်ကျူးရေးသားစပ်ဆိုသော တေးသီချင်းတစ်ခုခု သီဆိုပြီးပါက ထိုရည်ညွှန်းချက်နှင့်စပ်လျဉ်းသော အကြောင်းအရာတို့ကို “သံချပ်” ဖြင့် စုံစုံလင်လင်ဖြည့်စွက်ဖော်ကျူးပြီး နားဆင်သူများသို့ အသိပေးရခြင်းမှာ သံချပ်၏တာဝန်ပင်ဖြစ်ပါသည်။

“သံချပ်အစ မိုး၊ လေ”က ဟု ရှေးအဆိုလည်းရှိပေသည်။ ယနေ့မျက်မှောက်ကာလ မြန်မာနိုင်ငံတွင် နေပြည်တော် ဒက္ခိဏာသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်အတွင်း တည်ထားကိုးကွယ်သော “မာရဝိဇယ” ရုပ်ပွားတော်မြတ်ကြီး မူရင်းဒေသစကျင်ရွာမှ တူးမြောင်းသွယ်ပြီး ရေလမ်းမှသယ်ယူကြစဉ် သီဆိုပူဇော်သော မြန်မာ့မှုပိုင် “လှေတော်သံတေးကဗျာ” နှင့် သံချပ်ကိုတင်ပြပါသည်။}

**လှေချင်း သို့မဟုတ် လှေတော်သံ တေးကဗျာ**

၁။ စိန်တုံးဖောင်တော်၊ စကျင်ကျောက်တော်ကြီး
မြတ်ပေစွ၊ ရုပ်ပွားမဟာကိုးကွယ်စရာပ့ါ
(ရေဇလာခရီးမနီးပါလှ၊ နေပြည်ခရီးမနီးပါလှ)၊
ရွှေဖောင်တော်စက်ကိုလေး၊ ခုတ်မောင်းရသေး
၂။ ရှေးယခင်ခါ၊ ကုန်းဘောင်သာတိုင်းပြည်က၊
ဘုန်းသမ္ဘာရှင် မင်းသမ္ဘတ၊
(မည်နာမဦးအောင်ဇေယျ အလောင်းဘုရားမှန်ပ)၊
ဆယ်ယူကာမူးမြစ်ကြောင်းကိုလေး၊
တူးမြောင်းသွယ်သေး။
၃။ ထောင့်သုံးရာကျော်၊ ရှစ်ဆယ်နော်ငါးနှစ်တွင်းမှ-
နေပြည်တော်သစ်သစ်လွင်လှ
ရုပ်ပွားကြီးစွ၊ ထည်စွ၊ ကမ္ဘာကမ္ဘာတုပ,ဝေး
တည်ထားပါသေး။
၄။ ကုန်း၊ ရေ နှစ်တန်၊ ကြံကြံဖန်ဖန်ကြိုးပမ်းပါကြ
မြန်မာဗိသုကာ - ကဝိဆရာတွေက၊
(တူးမြောင်းသွယ်ကြသွယ်ကြ၊
လမ်းတံတားအသစ်အသစ်တည်ကြ
ရုပ်ပွားမဟာပြီးမြောက်ရေး၊ ဆောင်ကြဉ်းကာပေး။

**သံချပ်များ**

**တိုင်** - မိုးမိုး မိုးလားမောင်တို့
**ဖောက်** - လေလေ လေလားမောင်တို့
**တိုင်** - မိုးရောလေရော ကင်းပနိုင်
**ဖောက်** - သိကြားကိုယ်တိုင် မသည့်ကိန်းပဲ။
**တိုင်** - စကျင်ကျောက်မြတ်တည်နေရာ
**ဖောက်** - မန်းမတ္တရာ ဒေသပါပဲ။
**တိုင်** - တူးမြောင်းဖောက်လို့ရေလမ်းသွယ်။
**ဖောက်** - ကုန်းဘောင်ပြည်ဝယ်၊ အောင်ဇေယျအလား။
**တိုင်** - ရေလမ်းကုန်းလမ်း အံ့မခန်းစရာ။
**ဖောက်** - တူးမြောင်းသွယ်ကာ၊လမ်းသစ်တံတားသစ်
**တိုင်** - နတ်လမ်းညွှန်ပ့ါဖူးမြော်ရန်
**ဖောက်** - နေပြည်တော်မှန် ဒက္ခိဏာသီရိ
**တိုင်** - ထုထည်ကြီးမားရုပ်ပွားမဟာ
**ဖောက်** - အင်ဂျင်နီယာတွက်ချက်ကြလို့
**တိုင်** - ထေရ်ကြီးဝါကြီး ဦးထိပ်ပန်
**ဖောက်** - လမ်းညွှန်အမှန်၊ နာခံကြလို့
**တိုင်** - မြန်မာ့နည်းဟောင်း ထပ်လောင်းကာ
**ဖောက်** - ယန္တရားဆင်တာ ကဝိဆရာတို့
**တိုင်** - အိုင်တီခေတ်ရဲ့ ရုပ်ပွားဂုဏ်
**ဖောက်** - တိမ်ပေါ်စံပုံ မြင့်မြင့်မားမား
**တိုင်** - ပိဋ္ဋကတ်တော်မှာ ကျောက်သားတင်
**ဖောက်** - ကမ္ဘာပေါ်တွင် အကြီးဆုံးစာအုပ်
**တိုင်** - သုခမ္မာဇရုပ်များ စီတန်းကာ
**ဖောက်** - နောက်နောင်အခါ ဓမ္မပွဲဖို့။
လာပါဖူးလှည့်ဖိတ်ခေါ်မှာ
တစ်သက်တစ်ခါကြုံခဲပါဘိ။
**တေး** - သဒ္ဒါ၊ စေတနာအကျိုးတွေကြောင့်၊ ရွှေမိုးတွေရွာ၊ ငွေမိုးတွေရွာ။

**လှေတော်သံ ၃** - ထောင့်သုံးရာကျော်၊ ရှစ်ဆယ်နော်ငါးနှစ်တွင်မှ၊ နေပြည်တော်သစ်သစ်လွင်လှ။ ရုပ်ပွားကြီးစွ၊ ထည်စွ၊ ကမ္ဘာ၊ ကမ္ဘာတုပဝေး။ တည်ထားပါသေး။ ။

(ဆက်လက်ဖော်ပြပါမည်)



# နဝလောဟ ရတနာပါဒစေတီ ဗုဒ္ဓခြေတော်ရာ နှစ်ဆူအား ဗုဒ္ဓါဘိသေကအနေကဇာတင်ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၉**

ရွှေတိဂုံစေတီတော်ရင်ပြင် ဗောဓိမဏ္ဍိုင်တန်ဆောင်း၌ တည်ထားပူဇော်ထားသည့် နဝလောဟ ရတနာပါဒစေတီ ဗုဒ္ဓခြေတော်ရာ နှစ်ဆူအား ဗုဒ္ဓါဘိသေက အနေကဇာတင်ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒစရိယဆရာတော်ကြီးများ၊ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီး အစိုးရဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒစရိယ ဆရာတော်ကြီးများက စေတီတော်ရင်ပြင် ဗောဓိမဏ္ဍိုင်တန်ဆောင်း၌ တည်ထားပူဇော်ထားသည့် နဝလောဟ ရတနာပါဒစေတီတော် ဗုဒ္ဓခြေတော်ရာ နှစ်ဆူအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်ကြသည်။

ထို့နောက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကိုကျင်းပရာ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒစရိယ တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒစရိယ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက



အဂ္ဂမဟာပဏ္ဍိတ သ.စ.အ ဓမ္မာစရိယပါဠိပါရဂူ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)ထံမှ ဉာဏ်ပရိသတ်များက နဝင်္ဂသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိက မုဒိတာစကားမြွက်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဂေါပကအဖွဲ့ဝင် ဦးတင်ဝက နဝလောဟ ရတနာပါဒစေတီတော် ဗုဒ္ဓခြေတော်ရာ နှစ်ဆူ သွန်းလောင်းပူဇော်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဩဝါဒစရိယဆရာတော်ကြီးများနှင့် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒစရိယ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ သ.စ.အ ဓမ္မာစရိယ(ဝဋ္ဋံသကာ) ပါဠိပါရဂူ စေတိယင်္ဂဏ ပဝရသိရီမဟာဓမ္မဂုရု ဘဒ္ဒန္တနာရဒါဘိဝံသထံမှ ဉာဏ်ပရိသတ်များက အနုမောဒနာတရားနာယူကာ ရေစက်သွန်းချအမျှပေးဝေကြပြီး ဩဝါဒစရိယဆရာတော်များနှင့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စေတီတော်ရင်ပြင် ဗောဓိမဏ္ဍိုင်တန်ဆောင်း၌ တည်ထားပူဇော်ထားသည့် နဝလောဟ ရတနာပါဒစေတီတော် ဗုဒ္ဓခြေတော်ရာ နှစ်ဆူအား ဖူးမြော်ကြည်ညိုကြသည်။

ရွှေတိဂုံစေတီတော်ရင်ပြင် ဗောဓိမဏ္ဍိုင်တန်ဆောင်းတွင် မူလပူဇော်ထားသည့် ဗုဒ္ဓခြေတော်ရာများမှ နှစ်ကာလကြာမြင့်၍ ယိုယွင်းပျက်စီးလာသဖြင့် နဝလောဟ ရတနာပါဒစေတီတော် ဗုဒ္ဓခြေတော်ရာနှစ်ဆူအား ကြေးဖြင့်သွန်းလောင်း အစားထိုးပူဇော်ရန် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒစရိယ တိပိဋကရွေးချယ်ရေးအဖွဲ့ ဩဝါဒစရိယ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ သ.စ.အ ဓမ္မာစရိယ (ဝဋ္ဋံသကာ) ပါဠိပါရဂူ စေတိယင်္ဂဏပဝရ သိရီမဟာဓမ္မဂုရု ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာဆရာတော်)က ဦးဆောင်၍ မန္တလေးမြို့ ကြေးသွန်းပညာရှင် တမ္ပဝတီ ဦးဝင်းမောင်ထံ အပ်နှံခဲ့ပြီး အောက်တိုဘာ ၁၄ ရက်တွင် မန္တလေးမြို့မှ ပင့်ဆောင်လာကာ အောက်တိုဘာ ၁၇ ရက် နံနက် ၅ နာရီခွဲတွင် ရွှေပလ္လင်ဌာနတိုက်အတွင်းသို့ ဌာပနာပစ္စည်းများ ထည့်သွင်းပူဇော်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-ကိုကိုဇော်(MNA)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပုဗ္ဗသီရိမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများကို ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟန်ဝင်းထူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်ကြည်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ ညောင်ပင်ကြီးစုကျေးရွာအုပ်စု၊ အောင်သုခကျေးရွာအုပ်စု၊ ဝဲကြီးကျေးရွာအုပ်စု၊ သပြေကုန်းကျေးရွာအုပ်စုနှင့် ပုဇွန်ဆိပ်ကျေးရွာအုပ်စု၊ ဆင်ဖြူရှင်ရပ်ကွက်၊ နဝဒေးရပ်ကွက်၊ တပင်ရွှေထီးရပ်ကွက်၊ ဇေယျာဒီပရပ်ကွက်နှင့် သပြေစမ်းကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

**လက်တွေ့ဆောင်ရွက်**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုပြီး စမ်းသပ်မဲပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး မဲဆန္ဒရှင်များက မဲပေးစက်၏ ထိန်းချုပ်စက်ကို ကိုင်တွယ်ဆောင်ရွက်ခြင်း၊ မဲပေးပြီးသည့်အချိန်တွင် မဲပေးစက်မှထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ်မှန်၊ မမှန် စိစစ်ခြင်းတို့ကို လက်တွေ့ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ လက်တွေ့စမ်းသပ်မဲပေးခြင်းကို ပုဗ္ဗသီရိမြို့နယ်အတွင်း၌ သုံးရက်မြောက်ဆောင်ရွက်ခြင်းဖြစ်ပြီး ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၁၀ ခုတို့မှ မဲဆန္ဒရှင်ပြည်သူများ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် စုစုပေါင်း ၄၄၁ ဦး တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြသည်။

မဲပေးစက်အသုံးပြု၍ မဲပေးခြင်းသည် မဲဆန္ဒရှင်များအနေဖြင့် အချိန်တိုအတွင်း ရိုးရှင်းလွယ်ကူစွာ မဲပေးနိုင်ခြင်း၊ ပယ်မဲများမရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ မဲရလဒ်များကို အချိန်တိုအတွင်း သိရှိနိုင်ခြင်း၊ မဲမသမာမှုများ ထိန်းချုပ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့နယ် ရေဘေးသင့်ကျေးရွာနှစ်ရွာသို့ ငွေကျပ် သိန်း ၂၁၀ ကျော်တန်ဖိုးရှိ စားသောက်ကုန်များ သွားရောက်လှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၁၉**

မြန်မာကျဲကျန်း တရုတ်ကုန်သည်ကြီးများ အသင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးသင့် ပဲခူးမြို့နယ် ရှမ်းရွာကြီးကျေးရွာနှင့် ပေပင်ချောင်ကျေးရွာများသို့ ငွေကျပ်သိန်း ၂၁၀ ကျော်တန်ဖိုးရှိ စားသောက်ကုန်များ ပေးအပ်ပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက် ၁၁ နာရီက ကျင်းပရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ ကျေးရွာနှစ်ရွာရှိ အိမ်ထောင်စု ၅၀၀ အတွက် စားသောက်ကုန်များကို မြန်မာကျဲကျန်း တရုတ်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Mr.TUGuoding နှင့် အဖွဲ့ဝင်များက ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် မြန်မာကျဲကျန်း တရုတ်ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာ-တရုတ်ယဉ်ကျေးမှုအသင်းအဖွဲ့ဝင်များနှင့်အတူ ရှမ်းရွာကြီးကျေးရွာရှိ ပစ္ဆိမာရုံကျောင်းသစ်ဘုန်းတော်ကြီးကျောင်း၌ ရှမ်းရွာကြီးကျေးရွာ အိမ်ထောင်စု ၃၅၀ နှင့် ပေပင်ချောင်ကျေးရွာ အိမ်ထောင်စု ၁၅၀ တို့ အတွက် တစ်အိမ်ထောင်လျှင် ဆန်ငါးပြည်၊ မြေပဲဆီ ၁ ဒသမ ၈ လီတာ၊ ရေသန့်ဘူး တစ်ကတ်၊ ခေါက်ဆွဲခြောက် ၁၀ ထုပ်စီတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# ရပ်ဝန်းနှင့်ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သည် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း၏ သမိုင်းဝင်မှတ်တိုင်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

**ပေကျင်း အောက်တိုဘာ ၁၉**

တတိယအကြိမ်မြောက် ရပ်ဝန်းနှင့်ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သည် ရပ်ဝန်းနှင့်ပိုးလမ်းမတည်ဆောက်ရေး လုပ်ငန်းစဉ်တွင် အရေးကြီးသော သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိက အောက်တိုဘာ ၁၈ ရက်တွင် ပြောကြားခဲ့သည်။

"ဒီဖိုရမ်မှာရရှိခဲ့တဲ့ အရေးအကြီးဆုံး သဘောတူညီမှုအရ အရည်အသွေးမြင့် ရပ်ဝန်းနဲ့ ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍသစ်ကို ဖွင့်လှစ်ဖို့ပါပဲ"ဟု တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် ဝမ်က သတင်းစာရှင်းလင်းပွဲတွင် ထပ်လောင်း ပြောကြားခဲ့သည်။

**မှတ်ချက်ပြုပြောကြား**

ထို့ပြင် ကမ္ဘာ့စီးပွားရေးအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးပြီး ကမ္ဘာ့နိုင်ငံများအတွက် ကောင်းကျိုးဖြစ်လာမည်ဟု ၎င်းက မှတ်ချက်ပြုပြောကြားခဲ့သည်။

"ဒီဖိုရမ်ရဲ့ အကြီးမားဆုံး မျှော်မှန်းချက်ကတော့ ကမ္ဘာကြီးကို ခေတ်မီအောင် နိုင်ငံတွေ အတူတကွလုပ်ဆောင်ဖို့ပါပဲ" ဟု ၎င်းက ပြောကြားသည်။ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းသည် နိုင်ငံပေါင်းစုံဘုံဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေးပလက်ဖောင်းကို ဖန်တီးခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအား ခေတ်မီတိုးတက်




ရေးလမ်းကြောင်းဆီသို့ အရှိန်မြှင့်ချီတက်ရန် ကူညီပေးခဲ့ကြောင်း သိရသည်။

၎င်းဖိုရမ်အတွင်း စုစုပေါင်း ရလဒ် ၄၅၈ ခုရရှိ အောင်မြင်ခဲ့ပြီး ဒုတိယအကြိမ်ကျင်းပခဲ့သည့် ဖိုရမ်ထက် ရလဒ်များ အဆပေါင်းများစွာ ပိုများခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

လွန်ခဲ့သည့် ၁၀ နှစ်အတွင်း ရပ်ဝန်းနှင့် ပိုးလမ်းမပူးပေါင်းဆောင်ရွက်မှုသည် သမိုင်းဝင် အောင်မြင်မှုများရရှိခဲ့ပြီး ဘုံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်စေသည့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍကို ဖွင့်လှစ်ပေးခဲ့ကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။

ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် နိုင်ငံတကာပြည်သူများ ကောင်းကျိုးအတွက် အကြီးဆုံး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ပလက်ဖောင်းဖြစ်လာကြောင်း ၎င်းကထပ်လောင်း ပြောကြားခဲ့သည်။

ယင်းစီမံကိန်းသည် ပွင့်လင်းသော ပလက်ဖောင်းဖြစ်ကာ နိုင်ငံတိုင်းကို အချိန်မရွေးပါဝင်ရန် ကြိုဆိုကြောင်း ဝမ်က ပြောကြားခဲ့သည်။

**ကိုးကား – စင်ဟွာတီအင်န်**
**ဘာသာပြန် – စိုးသူရ**



# ဂါဇာကမ်းမြောင်သို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရန် အစ္စရေးအစိုးရ ခွင့်ပြု

**ဂျေရုဆလင် အောက်တိုဘာ ၁၉**

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်မည့် အဖွဲ့အစည်းများကို အီဂျစ်နိုင်ငံမှတစ်ဆင့် ဂါဇာကမ်းမြောင်သို့ ဝင်ရောက်ခွင့်ပြုမည်ဟု အစ္စရေးအစိုးရက ယမန်နေ့တွင် ပြောကြားသည်။

ဂါဇာကမ်းမြောင်တောင်ပိုင်းတွင်ရှိသော အရပ်သားများအတွက် စားရေရိက္ခာ၊ ရေနှင့် ဆေးဝါးများ ပေးပို့မည့် အစီအစဉ်ကို အစ္စရေးအစိုးရက တားဆီးမည်မဟုတ်ကြောင်း ယမန်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

သို့သော် ပါလက်စတိုင်း အစ္စလာမ္မစ်အဖွဲ့ ဟားမတ်စ်သို့ မည်သည့် ထောက်ပံ့ရေးပစ္စည်းမျှ ပေးပို့ခွင့်မပြုကြောင်း အစ္စရေးအစိုးရက ကြေညာချက်တွင် ဖော်ပြထားသည်။

ဝန်ကြီးချုပ် နေတန်ယာဟုနှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့ တွေ့ဆုံပြီးနောက် အဆိုပါထုတ်ပြန်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

လူသားချင်း စာနာထောက်ထားမှု အကူအညီများ တင်ဆောင်လာသည့် ထရပ်ကားအစီး ၂၀ ကို နယ်စပ်ဖြတ်ကျော်ခွင့်ပြုရန် အီဂျစ်သမ္မတ အယ်လ်စီစီက သဘောတူခဲ့ကြောင်း ဂျိုးဘိုင်ဒင်က သတင်းထောက်များကို ပြောကြားသည်။

အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုများအတွင်း ဂါဇာကမ်းမြောင်ဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ပိုမိုဆိုးရွားလာသဖြင့် ဂါဇာကမ်းမြောင်တစ်လျှောက် ပြည်သူတစ်သန်းခန့် အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်ဟု ကုလသမဂ္ဂအေဂျင်စီတစ်ခုက ခန့်မှန်းပြောကြားသည်။

အစ္စရေးနှင့် ဟားမတ်စ်တို့ကြား တိုက်ပွဲများကြောင့် လူပေါင်း ၄၈၀၀ ကျော် သေဆုံးခဲ့သည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ မောင်းသူမဲ့ တက္ကစီဝန်ဆောင်မှုပေးရန် မော်တော်ကားကုမ္ပဏီ Honda Motor ကြိုးပမ်းဆောင်ရွက်

**တိုကျို အောက်တိုဘာ ၁၉**

ဂျပန်နိုင်ငံ၌ မောင်းသူမဲ့တက္ကစီ ဝန်ဆောင်မှုပေးရန် မော်တော်ကားကုမ္ပဏီ Honda Motor က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဂျပန်မော်တော်ကားကုမ္ပဏီ Honda Motor သည် အမေရိကန်မော်တော်ကားကုမ္ပဏီ General Motors နှင့် တိုကျိုမြို့တော်အတွင်း မောင်းသူမဲ့တက္ကစီ ဝန်ဆောင်မှုပေးရန်အတွက် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

မောင်းသူမဲ့တက္ကစီဝန်ဆောင်မှုကို ၂၀၂၆ ခုနှစ်တွင် စတင်အသုံးပြုနိုင်ရန် စီစဉ်ထားသည်။ အဆိုပါ ဝန်ဆောင်မှုကို တိုကျိုမြို့လယ်တွင် စတင်မိတ်ဆက်သွားမည်ဖြစ်သည်။

တက္ကစီများကို ခရီးသည်ရွေးချယ်ထားသည့်နေရာသို့ လွတ်လပ်စွာသွားလာခွင့်ပြုမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

တက္ကစီဒါဇင်အနည်းငယ်ဖြင့် စတင်မည်ဟု စီစဉ်ထားသော်လည်း နောက်ပိုင်းတွင် တက္ကစီအစီးရေ ၅၀၀ ခန့်အထိ ချဲ့ထွင်ကာ ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။

တက္ကစီအငှားဝန်ဆောင်မှုပေးမည့် ယာဉ်ကို ယခုလနှောင်းပိုင်းတွင် ဂျပန်နိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပမည့် Japan Mobility Show တွင် ပြသသွားမည်ဖြစ်သည်။

အဆိုပါတက္ကစီအငှားဝန်ဆောင်မှုယာဉ်သည် Level-4 မောင်းသူမဲ့နည်းပညာကို အသုံးပြုထားမည်ဖြစ်ကြောင်း Honda ကားကုမ္ပဏီ တာဝန်ရှိသူများက ဆိုသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ဂါဇာကမ်းမြောင်ဒေသ တိုက်ပွဲများအတွင်း သတင်းထောက် ၁၉ ဦးထက်မနည်း သေဆုံး

**ဂျေရုဆလင် အောက်တိုဘာ ၁၉**

အစ္စရေးနှင့် ပါလက်စတိုင်း စစ်သွေးကြွအဖွဲ့ ဟားမတ်စ်တို့ကြား ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများအတွင်း လက်ရှိအချိန်အထိ သေဆုံးခဲ့သည့် သတင်းထောက်ပေါင်း ၁၉ ဦးထက်မနည်းရှိကြောင်း နယူးယောက်အခြေစိုက် သတင်းထောက်များ ကာကွယ်စောင့်ရှောက်ရေးကော်မတီက ပြောကြားသည်။

သေဆုံးခဲ့သည့် သတင်းထောက်များအနက် ပါလက်စတိုင်း ၁၅ ဦး၊ အစ္စရေး သုံးဦး၊ လက်ဘနွန်နိုင်ငံသား တစ်ဦးဖြစ်သည်ဟု အဆိုပါကော်မတီက ဆိုသည်။

ထို့ပြင် သတင်းထောက် ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် သုံးဦး ပျောက်ဆုံး သို့မဟုတ် ထိန်းသိမ်းခံထားရကြောင်း သိရသည်။

အခြားသတင်းထောက်များ အသတ်ခံရခြင်း၊ ပျောက်ဆုံးခြင်း၊ ထိန်းသိမ်းခံရ




ခြင်း၊ ဒဏ်ရာရခြင်း သို့မဟုတ် ခြိမ်းခြောက်ခံရခြင်း စသည့် အတည်မပြုနိုင်သော အစီရင်ခံစာများစွာကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု အဆိုပါ ကော်မတီက ဆိုသည်။

သတင်းထောက်များသည် စစ်ပွဲများအတွင်း ခက်ခဲပင်ပန်းစွာဖြင့် သက်စွန့်ဆံဖျား သတင်းရယူလျက်ရှိသည့်အတွက် ၎င်းတို့ကို ပစ်မှတ်မထားသင့်ကြောင်း ဆက်လက်ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# နိုင်ငံတကာ ကျွမ်းကျင်သူအဖွဲ့ ဂျပန်ပင်လယ်မှ ငါးများကို ပထမဆုံးအကြိမ် စစ်ဆေး

**တိုကျို အောက်တိုဘာ ၁၉**

နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီမှ ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့သည် ဂျပန်နိုင်ငံ ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံမှ စွန့်ပစ်ရေများကို ပင်လယ်ထဲသို့ စွန့်ပစ်ပြီးချိန်မှ စတင်၍ ပထမဆုံးအကြိမ်အဖြစ် ဂျပန်ပင်လယ်ထဲရှိ ငါးများကို ဖမ်းယူစုဆောင်းကာ ရေဒီယိုသတ္တိကြွဓာတ်ပစ္စည်းပါဝင်မှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

၎င်းကျွမ်းကျင်သူအဖွဲ့တွင် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ၊ တောင်ကိုရီးယား၊ တရုတ်၊ ကနေဒါနှင့် ဂျပန်နိုင်ငံတို့မှ ပညာရှင်များပါဝင်ပြီး ဖူကူရှီးမားစီရင်စု အိုင်ဝါကီမြို့ရှိ ဟီဆန်နိုဟိုမာ ငါးဖမ်းဆိပ်ကမ်းတွင် စမ်းသပ်စစ်ဆေးမှုဆောင်ရွက်ရန်အတွက် ငါးများကို ဖမ်းယူခဲ့ကြသည်။

ဖမ်းယူထားသော ငါးများကို ချီဘာစီရင်စုရှိ သုတေသနဌာနသို့ ပို့ဆောင်သွားမည်ဖြစ်ကာ ငါးများတွင် ရေဒီယိုသတ္တိကြွမှု ရှိ၊ မရှိ စစ်ဆေးမည်ဖြစ်သည်။

ဓာတ်ခွဲခန်းတစ်ခုစီသည် ၎င်းတို့၏ရလဒ်များကို IAEA သို့ တင်ပြမည်ဖြစ်ပြီး အချက်အလက်များကို အစီရင်ခံစာအဖြစ် စုစည်းထုတ်ဝေမည်ဖြစ်သည်။

အခြားနိုင်ငံများမှ သုတေသီများ ယခုစမ်းသပ်စစ်ဆေးမှုတွင်ပါဝင်ခြင်းဖြင့် ဂျပန်နိုင်ငံတွင် ရေဒီယိုသတ္တိကြွပစ္စည်းများ စစ်ဆေးခြင်းကို မှန်ကန်စွာလုပ်ဆောင်ကြောင်း အာမခံနိုင်မည်ဟု ဂျပန်နိုင်ငံ ငါးဖမ်းအေဂျင်စီမှ Takase Chikara က ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

# ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ ငွေကျပ် ၁ ဒသမ ၃၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ ငွေကျပ် ၁ ဒသမ ၃၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

**သိမ်းဆည်းရမိ**

လူငယ်များအား အန္တရာယ်ဖြစ်စေသည့် စိတ်ပြောင်းဆေးဝါး (Happy Water) သယ်ဆောင်ရောင်းဝယ်မှုများကို ထိရောက်စွာတားဆီးနိုင်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလရပ်ကွက် ဂျိုးဖြူလမ်းတွင် ထွန်းမြတ်သူ(ခ)မောင်စံအား စိတ်ပြောင်းဆေးဝါး (Happy Water) ၁၇ ဒသမ ၂၈ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ မွန်းလွဲ ၂ နာရီတွင် ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းတွင် ရဲရင့်အောင်ကို စိတ်ပြောင်းဆေးဝါး(Happy Water) ၁၄ ဒသမ ၉၄ ကီလိုကိုလည်းကောင်း၊ စောဂျွန်ပေါလ်(ခ)ဂျွန်ပေါကို ရန်ကင်းမြို့နယ် (၆)ရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် စိတ်ပြောင်းဆေးဝါး(Happy Water) ၆ ဒသမ ၆ ကီလို၊ ကဖင်းဆေးပြား ၂၂၀၀ နှင့် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ည ၉ နာရီခွဲတွင် နေလဝင်း(ခ) Bank နှင့် ရဲရင့်ဌေးအောင်(ခ)အိုက်ပီးတို့နှစ်ဦးကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် စိတ်ပြောင်းဆေးဝါး အက်တက်စီဆေးပြား ၅၀၀၀၊ Toyota Crown ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့၍ စုစုပေါင်း ငွေကျပ် ၁ ဒသမ ၃၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၃၈ ဒသမ ၈၂ ကီလို၊ အက်တက်စီဆေးပြား ၅၀၀၀ နှင့် ကဖင်းဆေးပြား ၂၂၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



နေလဝင်း(ခ) Bank နှင့် ရဲရင့်ဌေးအောင်(ခ)အိုက်ပီးတို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ပြည့်တန်ဆာလုပ်ငန်းသို့ ပို့ဆောင်ကာ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည့်တန်ဆာလုပ်ငန်းသို့ ပို့ဆောင်ကာ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်(၁၀)နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နေ မိုးသီတာ(ခ) သဲသဲနှင့် ကျော်ဇင်လတ်(ခ) ကိုလင်းတို့က တစ်မြို့တည်းနေ မ ---၊ ၁၆/၂၂ နှစ်အား လားရှိုးမြို့ရှိ KTV ဆိုင်တွင် ဘီယာဇာန်းကိုင်ခြင်းနှင့် ဘီယာငှဲ့ပေးသည့် အလုပ်လုပ်ကိုင်ရမည်ဖြစ်ပြီး တစ်လလျှင် ငွေကျပ်သုံးသိန်းခန့်ရမည်ဟု လိမ်လည်စည်းရုံးပြောဆို၍ ပြည့်တန်ဆာလုပ်ငန်းသို့ ပို့ဆောင်ကာ ငွေကြေးအကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ဒလမြို့မရဲစခန်း (ပ) ၁၈၃/၂၀၂၂၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး တွံတေးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ အောက်တိုဘာ ၁၈ ရက်တွင် တရားခံ မိုးသီတာ(ခ) သဲသဲ ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် (၁၅)နှစ်၊ ကျော်ဇင်လတ် (ခ) ကိုလင်းကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**ပဟေဠိဖွက်ကြမယ်**

၂၁ -၁၀ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ်(၄၂)တွင် သူငယ်ချင်းအချင်းချင်း အင်္ဂလိပ်ဝေါဟာရများကို ပဟေဠိဖွက်တမ်းကစားခြင်းဖြင့် ဉာဏ်ရည်ထက်မြက်ကာ ဗဟုသုတ ပိုမိုကြွယ်ဝလာနိုင်ကြောင်း တင်ဆက်ထား သည့် "ပဟေဠိဖွက်ကြမယ်" မျက်နှာဖုံးဇာတ်လမ်း၊ ကလေးများအတွက် ဝယ်လိုအားနှင့်ပတ်သက်သည့် စီးပွားရေးပညာဆိုင်ရာ အသိပညာ ဗဟုသုတများ တိုးပွားစေရန်အလို့ငှာ တင်ဆက်ထားသည့် "ကစ်ဒီနေ့ာမစ်" သုတဆောင်းပါး၊ မိမိ၏ဥများပျောက်သွားမည်ကို စိုးရိမ်ကြောင့်ကြဖြစ်နေသော မြွေမကြီးသည် မိမိ၏ဒေါသကြောင့် ကျေးဇူးရှင်အပေါ် ပြစ်မှားမိပုံနှင့် သူတစ်ပါးကို ဒုက္ခမပေးဘဲ မိမိ၏ ကျေးဇူးကို သိမြင်လာစေရန် ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့သော ဉာဏ်ပညာကြီးမားသည့် လယ်သမားတို့အကြောင်းကို တင်ဆက်ထားသည့် "ကျေးဇူးတရား" နှစ်မျက်နှာကာတွန်း၊ မိမိ၏မိတ်ဆွေကို ဆင်းရဲဒုက္ခမဖြစ်စေရန် လမ်းညွှန်ကူညီပေးခဲ့ရုံသာမက မိတ်ဆွေဒုက္ခရောက်သည့်အခါ၌လည်း ကူညီပေးခဲ့သော ကဏန်း၏ မိတ်ဆွေပီသသည့် စိတ်ရင်းကို သိရှိသွားသော ဖားလေးအကြောင်းကို ရေးဖွဲ့ထားသည့် "ချောင်းထဲက ဖားလေး" ပုံပြင်၊ သူငယ်ချင်းဖြစ်သူ ဝင်းညွှန့်ကို သူငယ်ချင်းကောင်းပီသစွာ လမ်းမှန်သို့ရောက်အောင် ပို့ဆောင်ပေးခဲ့သော စိုးနိုင်အကြောင်းကို ရေးဖွဲ့တင်ဆက်ထားသည့် "ထာဝရသူငယ်ချင်း" ဝတ္ထု၊ ရွှေသွေးဂျာနယ် အထူးထုတ်(၂၀၂၄) တွင် ထည့်သွင်းဖော်ပြမည့် ကလေးလက်ရာ ပန်းချီပြိုင်ပွဲဝင်များကို ဖိတ်ခေါ်သည့် "ရွှေသွေးတို့လက်ရာ ပန်းချီများ ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း" ကဏ္ဍ၊ လမ်းသွားရာ၌ဖြစ်စေ၊ အခြားလုပ်ငန်းဆောင်တာများကို လုပ်ဆောင်ရာ၌ဖြစ်စေ အသိ၊ သတိဖြင့် လုပ်ဆောင်သင့်ပုံအကြောင်းကို တင်ဆက်ထားသည့် "ဖြိုးရဲ- ဦးဖိုးရှုပ်ရဲ့ သတိ" နှစ်မျက်နှာကာတွန်း၊ သရဲခြောက်ခံရသော်လည်း ဉာဏ်ပညာသုံးကာ ရရှိလာသည့် အခွင့်အရေးကို အကျိုးရှိရှိအသုံးချခဲ့သော ဆရာဦးအောင်ကြီး အကြောင်းကို ရေးဖွဲ့ထားသည့် "ဝက်ဖြစ်သွားသော သရဲ" နှစ်မျက်နှာကာတွန်း၊ ပါတီပွဲ တစ်ပွဲသို့သွားမည့် အမျိုးသားနှင့် အမျိုးသမီးတို့ အပြန်အလှန်ပြောဆိုကြပုံကို ဝါကျပုံစံအမျိုးမျိုးဖြင့် တင်ဆက်ထားသည့် **"ရွှေသွေးစကားဝိုင်း"** အင်္ဂလိပ်စာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၁၀-၂၀၂၂ သောကြာနေ့

### MRTV HD

- ၀၆:၀၀ ပင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အင္ဂုနာဠီယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ တောင်ပေါ်ဒေသနောင်ချိုအလှ
- ၀၉:၃၅ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ တောင်ပိုင်းပိုးလမ်းမသစ်တရုတ်-မြန်မာ အခန်းကဏ္ဍများ(အပိုင်း-၅)
- ၁၀:၅၀ လူမှုစီးပွားသတင်းများ
- ၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်လရောင်' (အပိုင်း-၁)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၃၅)
- ၁၄:၄၀ မျိုးဝှက်တင့်စေဆိုကရေးတီးအငွေ့
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမှုန်း' (အပိုင်း-၄၂)
- ၁၅:၃၀ လူငယ်ရေးရာအစီအစဉ်
- ၁၆:၃၅ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ 'အရေးပြိုင်ပွဲ' အကဲဖြတ်လုပ်ငန်းအဖွဲ့စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်
- ၁၇:၁၅ ပွဲဦးမှုနှင့်ဝင့်ထည်မင်္ဂလာမှုဆယ်
- ၁၇:၃၀ Weekly Sports Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်လရောင်' (အပိုင်း-၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'ငအာက်ချင်းငှက်တေးသံသာ' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

### mitv

- 07:01 Evergreen Classic: Myitta (Kyawt Kay Khaing)
- 07:07 Chef Life: Ce'dric Davoine (French Chef)
- 07:32 Hsig Khaung Village In Hsihseng
- 07:45 Natural Lake: Fish Breeding Business
- 08:01 News
- 08:27 Nga Laik Dam & Nga Laik Kan Tha Eco Resort
- 08:37 Making a Living as Horticulturist
- 08:51 Shopping with Torch-Lights
- 09:01 Listening Pleasure, Instrumental Music (Xylophone) The Outstanding Ones
- 09:13 Ecotourism: The Famous Zalon Mountain
- 09:28 Artistic Values & Aesthetic Traditions
- 09:51 Magnificent Thadingyut Festival
- 10:01 News

### MRTV NRC

- **မွန် (၀၆:၀၀ မှ ၀၈:၀၀)** ပေါ်လမြိုင်မုန့်ဟင်းခါး
- **ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** နည်းပညာနှင့်သုတကမ္ဘာ(စက်ဘီးတီထွင်သူများ)
- **ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** ထိန်းသိမ်းအစဉ်အလာတို့လေ့ရိုးရာ (တိုင်းခင်၊တိုင်းလှိုင်၊တိုင်းယွန်း)
- **ဝ (၁၂:၀၀ မှ ၁၄:၀၀)** စာအတူတူဖတ်ကြရအောင်
- **ကချင် (၁၄:၀၀ မှ ၁၆:၀၀)** ငါးပေါင်းချက်စားကြမယ်
- **ကယား (၁၆:၀၀ မှ ၁၈:၀၀)** စာဖတ်ခြင်းအကျိုးကျေးဇူး
- **စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)** ဝိသားစုဝင်ငွေတိုးစေဖို့ငါးဥမွေးကြစို့
- **အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** စွန့်ပစ်ငှက်ပျောမှတန်ဖိုးမြင့်လူသုံးကုန် လက်မှုထည်များဆီသို့
- **အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)** အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ
- **ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၈)
- **ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)** လုံယူးပွဲတော်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ တောင်ပိုင်းပိုးလမ်းမသစ်တရုတ်-မြန်မာ အခန်းကဏ္ဍများ(အပိုင်း-၃)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၁၅ ရသစုံစွာ၏မြေကမ္ဘာ
- ၁၁:၄၅ ရတနာ့အလားကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တောင်းပန်ပါတယ်'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ PR SYSTEM (စကားဝိုင်း) (MWD)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၁)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၀)
- ၁၈:၀၀ Economic Review (အပိုင်း-၂၄) (ဘဏ်ကဏ္ဍရဲ့လက်ရှိအခြေအနေ)

### MRTV FARMERS

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- ၀၆:၄၅ စိုက်ပျိုးရေးကိုအခြေတည်တန်ဖိုးရှိတဲ့ မြန်မာ့ထုတ်ကုန်ဆီ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Seven Success Stories From Northeastern Thailand
- ၁၉:၀၀ Most Satisfying Agriculture Machines and Ingenious Tools
- ၂၂:၀၀ A visit to Wambugu Apples farmer in Kilimambogo

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၃၀ Soccer View

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm



## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် MSMEs ထုတ်ကုန်များ အရောင်းစင်တာ ဖွင့်ပွဲကျင်းပ

**ပဲခူး အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ပဲခူးမြို့ ဥဿာသီရိဈေးအပေါ်ထပ်၌ MSMEs ထုတ်ကုန်များ အရောင်းစင်တာ ဖွင့်ပွဲကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး MSMEs ထုတ်ကုန်များ အရောင်းစင်တာကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း နှင့် ဇနီး၊ တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသူများက တိုင်းဒေသကြီး MSMEs ထုတ်ကုန်အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ MSMEs ထုတ်ကုန်များ အရောင်းစင်တာတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ ထွက်ရှိလာသည့် ဒေသထွက် စားသုံးကုန်များ၊ လူသုံးကုန်များ၊ တိုင်းရင်းဆေးဝါးများ၊ စားဖိုဆောင်သုံး ပစ္စည်းများ၊ လယ်ယာသုံးကိရိယာများ ပစ္စည်းအမျိုးပေါင်း ၈၀ ကျော်အား ဆိုင်ခန်းပေါင်း ၃၇ ခန်းဖြင့် ပင်ရင်းဈေးအတိုင်း နေ့စဉ်ရောင်းချပေးမည်ဖြစ်ကာ ဖွင့်ပွဲနေ့တွင် ဒေသခံပြည်သူများ၊ တရုတ်နိုင်ငံသား ခရီးသွားများ၊ ဂျပန်နိုင်ငံသားခရီးသွားများနှင့် ရုရှားနိုင်ငံသားခရီးသွားများ လာရောက်လေ့လာဝယ်ယူခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရခိုင်ပြည်နယ် စီးပွားရေးဖိုရမ် (၂၀၂၃) ကျင်းပမည်

**စစ်တွေ အောက်တိုဘာ ၁၉**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြည်နယ်အတွင်း ဒေသခံ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွက်လာစေရေးနှင့် ရခိုင်ပြည်နယ်၏ အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ရည်ရွယ်ကျင်းပသည့် ရခိုင်ပြည်နယ် စီးပွားရေးဖိုရမ် (၂၀၂၃)ကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စီးပွားရေးဖိုရမ်တွင် ရခိုင်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပညာရှင်များဖြစ်ကြသည့် ဦးတင်ဇံကျော်(Chairman , Device Business University – DBU)၊ ဦးထွန်းထွန်းနိုင်( President, We Love Rakhine၊ Chairman & Group of CEO Blue Ocean Investment Co.,Ltdနှင့် ဒေါ်ပန်းအိဖြူ (Chief Operating Officer , Myanmar Payment Solution Services Company)တို့က အဓိကဟောပြောဆွေးနွေးသူများအဖြစ် ဆောင်ရွက်ကြမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ စီးပွားရေးပညာရှင်များ၊ လူငယ်များက အနာဂတ် စီးပွားရေးအလားအလာများနှင့်ပတ်သက်သည့်စကားဝိုင်းဆွေးနွေးပွဲ သုံးခုကို ဆောင်ရွက်မည်ဖြစ်သည်။

ထို့ပြင် အခမ်းအနားကျင်းပမည့် ခိုင်သဇင် ခန်းမအတွင်း IT ဆိုင်ရာပစ္စည်းများ၊ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချသွားမည်ဖြစ်ပြီး ပညာရေးဝန်ဆောင်မှုများ၊ စာအုပ်အရောင်းဆိုင်နှင့် စာအုပ်ပြခန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်သည့် ပြခန်းများကို ထည့်သွင်းထားကာ မည်သူမဆို အခမဲ့ တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**






## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Nyo Mi Ko” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်နေ ညိုမိကိုအား ညနေ ၆ နာရီခွဲတွင် မြစ်ကြီးနားနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ချောင်းသာ၌ လက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပမည်

**ချောင်းသာ အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့၌ ချောင်းသာကမ်းခြေ ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး သီတင်းကျွတ်ပွဲတော်အကြို MSMEs လုပ်ငန်းများ ကြိမ်၊ဝါး၊ ဖေဒါ လက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ချောင်းသာကမ်းခြေ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ရောင်းချပေး**

လက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSMEs) မှ ပြည်ပ တင်ပို့ရောင်းချလျက်ရှိသည့် ကြိမ်၊ ဝါး၊ ဖေဒါ လက်မှုထုတ်ကုန်ပစ္စည်းများနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ ဒေသထွက် လက်မှုထုတ်ကုန်နှင့် စားသောက်ကုန်များကို ခင်းကျင်းပြသရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သီတင်းကျွတ်ပွဲတော်အကြို ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ လက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၂၀ ရက်နှင့် ၂၂ ရက်တို့တွင် Azura Hotel ရှေ့ကမ်းခြေ၌ ကျင်းပမည်ဖြစ်ပြီး မည်သူမဆို လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

**ချောင်းသာ(ပြန်/ဆက်)**

## ရွှေကျင်မြို့နယ်အတွင်းရှိ တောင်သူများအား ဆောင်းမြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်း၊ နေကြာ မျိုးစေ့များ ပေးအပ်ပွဲ ကျင်းပ

**ရွှေကျင် အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် တောင်ဘက်ကျေးရွာနှင့် တံခွန်တိုင်ကျေးရွာများရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၌ ယမန်နေ့ နံနက် ၁၀ နာရီက ဆောင်းမြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်း၊ နေကြာ စိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့ပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွေးက ရွှေကျင်မြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ခုနှစ် စိုက်ပျိုးရာသီတွင် ဆောင်းမြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်း၊ နေကြာ စိုက်ပျိုးမည့် တောင်သူများအား အထွက်ကောင်းမျိုးများဖြစ်သည့် ဗီယက်နမ်မြေပဲမျိုး၊ TBL-9 မတ်ပဲမျိုး၊ ဆင်းရွှေကြာ-၂နေကြာမျိုးနှင့် ရေဆင်း- ၁၆ပဲတီစိမ်းမျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးမည့်အစီအစဉ်၊ စိုက်နည်းစနစ်၊ သွင်းအားစုများ ဖြန့်ဖြူးထောက်ပံ့မည့် အစီအစဉ်တို့ကို ရှင်းလင်းဆွေးနွေးကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူကိုယ်စားလှယ်များကို သီးနှံမျိုးများ ဖြန့်ဝေထောက်ပံ့ပေးအပ်ကြသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

# နိုင်ငံတိုင်းမှာ စာနယ်ဇင်းလို့ပြောပြော၊ မီဒီယာလို့ပြောပြော မဖြစ်မနေရှိဖို့ လိုပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေအဖို့ မီဒီယာရဲ့အခန်းကဏ္ဍက အတော်အရေးကြီးပါတယ်

**ကမ္ဘောဒီးယားနိုင်ငံပြန်ကြားရေးဝန်ကြီး**

**တွေ့ဆုံမေးမြန်း - ခင်ရတနာ၊**
**ဓာတ်ပုံ - Sam Vibol**



မဲခေါင်-လန်ချန်း မီဒီယာဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၏ အပြီးသတ်အခမ်းအနားတစ်ခုကို စက်တင်ဘာလကုန်က ကမ္ဘောဒီးယားနိုင်ငံ စီဟာနုပြည်နယ်ဆိုခါ၌ ကျင်းပခဲ့သည်။ “Shared River, Shared future and the role of Journalist” အစီအစဉ်ကို ၂၀၂၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ တစ်နှစ်တာအတွင်း မဲခေါင်-လန်ချန်း ဒေသအတွင်းရှိ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့မှ သတင်းစာဆရာများအား (၄)ကြိမ်တိုင်တိုင် သတင်းနှင့်စာနယ်ဇင်းအတတ်ပညာများ ဖြန့်ဝေပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို တရုတ်နိုင်ငံ၏ ကူညီပံ့ပိုးမှုဖြင့် ကမ္ဘောဒီးယားနိုင်ငံက ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်သည်။ မဲခေါင်-လန်ချန်း မီဒီယာဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၏ အပြီးသတ်အခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီး တက်ရောက်ခဲ့စဉ် တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်တင်ပြလိုက်ရပါသည် -

**မေး။** ။နိုင်ငံတစ်နိုင်ငံမှာ စာနယ်ဇင်းရဲ့ အခန်းကဏ္ဍက ဘယ်လောက်အထိရှိနိုင်ပါသလဲ။

**ဖြေ။** ။နိုင်ငံတိုင်းမှာ စာနယ်ဇင်းလို့ပြောပြော၊ မီဒီယာလို့ပြောပြော မဖြစ်မနေရှိဖို့ လိုပါတယ်။ တိတိကျကျပြောရရင် သတင်းစာဆရာစစ်စစ်တွေ လိုတယ်။ ဒါမှသာ အဲဒီနိုင်ငံအတွက်၊ ပြည်သူတွေအတွက် သတင်းအချက်အလက်တွေရမယ်၊ ဆင်ခြင်စရာ၊ တွေးခေါ်စရာတွေနဲ့ နေ့စဉ်လူမှုဘဝမှာ လိုအပ်တဲ့ သတင်းအချက်အလက်မျိုးစုံကို မီဒီယာတွေကနေရရှိတာဆိုတော့ နိုင်ငံတိုင်းမှာ မီဒီယာက အားကိုးအားထားပြုစရာပါ။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေအဖို့ မီဒီယာရဲ့အခန်းကဏ္ဍက အတော်အရေးကြီးပါတယ်။

**မေး။** ။အခုလို မဲခေါင်-လန်ချန်း စာနယ်ဇင်းသမားတွေ အတူတကွတွေ့ဆုံလှုပ်ရှားမှုပြုကြတဲ့ အပေါ်မှာ ဝန်ကြီးရဲ့အမြင်နဲ့ ရလာမယ့်အကျိုးကျေးဇူးတွေ သိလိုပါတယ်။

**ဖြေ။** ။အခမ်းအနားရဲ့ အဖွင့်မိန့်ခွန်းမှာလည်း ကျွန်တော်ပြောခဲ့ပါတယ်။ သတင်းအချက်အလက်ဆိုတာ ကျွန်တော်တို့နိုင်ငံဖြစ်ဖြစ်၊ ခင်ဗျားတို့နိုင်ငံဖြစ်ဖြစ် နေ့စဉ်အများကြီး ဖြစ်ပျက်နေတယ်။ အခုလိုတွေ့ဆုံမှုတွေကနေ သတင်းစာဆရာတွေမှာ မိတ်ဆွေအသစ်တွေရမယ်။ ကိုယ့်နိုင်ငံရဲ့သတင်းတွေကို နိုင်ငံပြင်ပကနေ ပြန်မြင်တွေ့ရမယ်။

အဲဒီလိုပဲ သတင်းအချက်အလက်တွေ အပြန်အလှန်ဖလှယ်ခွင့်ရမယ်။ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း အစရှိတဲ့ မဲခေါင်မြစ်စီးဆင်းရာ နိုင်ငံတွေက သတင်းသမားတွေ အတူရှိနေကြရင် ပြောစရာတွေအများကြီးရှိလာမယ်။ တကယ်လည်း ကျွန်တော်တို့ ဒီအစီအစဉ်ကနေ အတူသတင်းလိုက်ကြတဲ့ အတွေ့အကြုံတွေရကြတယ်။ ပြောရရင် ကမ္ဘောဒီးယားနဲ့ မြန်မာက အခြေအနေအတော်များများတူတယ်။ ဖွံ့ဖြိုးဖို့အားယူနေရတာလည်း တူသလို နိုင်ငံသားတွေရဲ့ အသားအရောင်၊ အစားအသောက်၊ ရာသီဥတုအတော်များများ ဆင်တူနေကြတယ်။ ဒါပေမယ့် မတူတာတွေလည်း ရှိမှာပေါ့။ ဥပမာယဉ်ကျေးမှုတွေ၊ ဓလေ့ထုံးတမ်းတွေ ကွဲပြားနိုင်မယ်။ ထင်ရှားတဲ့နေရာနဲ့ ပုံသဏ္ဌာန်တွေ မတူနိုင်ဘူး။ ဒါတွေကို မီဒီယာတွေအချင်းချင်း ပူးပေါင်းဖလှယ်တင်ဆက်နိုင်ရင် နှစ်နိုင်ငံပြည်သူတွေ ပိုအကျိုးများမယ်။

ကျွန်တော်မျှော်လင့်တာကတော့ အခုအစီအစဉ်ကနေ အကျိုးကျေးဇူးအနေနဲ့ တစ်နိုင်ငံအကြောင်းကို အခြားတစ်နိုင်ငံက ပိုသိရှိလာမယ်။ အဲဒီလိုနဲ့ သတင်းအချက်အလက်တွေ ပိုဖြန့်ဝေလာနိုင်မယ်။ ဒါနဲ့အတူ ကျွန်တော်တို့ အမြဲကြုံတွေ့ခံစားနေရတဲ့ သတင်းတု/သတင်းမှားတွေကိုလည်း မီဒီယာအချင်းချင်း စုပေါင်းထားမယ်ဆိုရင် အတူတွန်းလှန်လာနိုင်ပါလိမ့်မယ်။ ဒါကို ဘာကြောင့် ထည့်ပြောရသလဲဆိုရင် သတင်းတု၊ သတင်းမှားတွေဆိုတာ ဘယ်တော့မှရပ်တန့်သွားမှာမဟုတ်ဘူးလေ။ ဒါတွေကို စစ်မှန်တဲ့သတင်းသမားတွေက စာနယ်ဇင်းအတတ်ပညာအပြည့်နဲ့ တန်ပြန်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ဒီအစီအစဉ်ကနေ နောက်ထပ်အကျိုးကျေးဇူးလို့ဆိုလိုက်ရင် ဒေသတွင်းနားလည်မှုတွေ ပိုမြင့်မားလာမယ်။ အတူသတင်းတွေဖော်ထုတ်ကြရင်း ဒေသတွင်းမှာ ပိုငြိမ်းချမ်းလာမယ်။ စာနယ်ဇင်းဆိုင်ရာစံနှုန်းတွေဖြစ်တဲ့ သတင်းရေးသားနည်းစနစ်တွေ၊ အင်တာဗျူးနည်းပညာတွေ၊ သတင်းထုတ်ပြန်ရေးပုံစံတွေ စတဲ့အသိပညာတွေကို ဖလှယ်ပြီးသားဖြစ်လို့ အလေ့အကျင့်ကောင်းတွေ ပိုရလာစေမှာပါ။ ဒီလိုနဲ့တိကျမှုတတဲ့ အစီရင်ခံမှုတွေကို ဖြည့်ဆည်းနိုင်မယ်လို့ မျှော်လင့်ပါတယ်။

**မေး။** ။သတင်းတု/သတင်းမှားတွေနဲ့ ပတ်သက်ပြီး ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဘယ်လိုကာကွယ်တားဆီးနေသလဲရှင့်။

**ဖြေ။** ။သတင်းတု/သတင်းမှားမှာမှ ထပ်ပြီးခွဲခြားလိုက်ရင် တစ်ဝက်တစ်ပျက် အမှားတွေ၊ အနည်းငယ်ပြုပြင်ထားတာတွေ၊ လုံးဝကို မမှန်တဲ့သတင်းတွေ စသည်ဖြင့် ပုံစံအမျိုးမျိုးပါဝင်ပါတယ်။ ဒီလိုသတင်းတု/သတင်းမှားတွေကို နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု အစရှိတဲ့ ကဏ္ဍအသီးသီးမှာ မြင်နေရတယ်။ ကမ္ဘောဒီးယားနိုင်ငံကလည်း အခြားနိုင်ငံတွေလို သတင်းတု/သတင်းမှားတွေရဲ့ စိန်ခေါ်မှုကို ကြုံတွေ့နေရပါတယ်။

အဓိကကတော့ ဒီလိုအခြေအနေတွေကို ကြံ့ကြံ့ခံနိုင်ဖို့ နိုင်ငံအတွင်းက သတင်းမီဒီယာတွေရဲ့ စာနယ်ဇင်းအတတ်ပညာကို မြှင့်တင်ပေးတာ၊ သတင်းထုတ်ပြန်ခြင်းနဲ့ဆိုင်တဲ့ ဥပဒေတွေကို အားကောင်းလာအောင် ဆောင်ရွက်တာတွေ အဆက်မပြတ် လုပ်ဆောင်နေပါတယ်။ ကြိုးပမ်းတဲ့အခါ သတင်းတု/သတင်းမှားတွေရဲ့ အကျိုးသက်ရောက်မှုနဲ့ပတ်သက်ပြီး အများပြည်သူ သိနားလည်သဘောပေါက်စေဖို့ စဉ်ဆက်မပြတ် ဆောင်ရွက်နေပြီး ကျူးလွန်သူတွေကို တာဝန်ခံမှုရှိစေဖို့ တရားဥပဒေနဲ့အညီ ဖော်ထုတ်အရေးယူလျက်ရှိပါတယ်။

သတင်းတုတွေဆိုရင် ဥပမာ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်၊ ထိုင်း အစရှိတဲ့ နယ်စပ်ပြဿနာမျိုးတွေမှာ အမှန်နဲ့ကင်းကွာတဲ့သတင်းတွေရှိနေသလို နားလည်မှုလွဲမှားတာ၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အခန့်မသင့်ဖြစ်စေနိုင်တာမျိုးတွေကို မြင်တွေ့ရတယ်။ ဒါတွေကို ပြည်သူတွေက လက်သင့်မခံသင့်သလို အရည်အချင်းပြည့်ဝတဲ့ သတင်းသမားတွေအနေနဲ့လည်း မျှတပြီး ဓမ္မဓိဋ္ဌာန်ကျတဲ့ သတင်းတွေကို ရေးသားဖော်ထုတ်ရင်း ဒေသတွင်းချစ်ကြည်ရေးကို တိုးမြှင့်လာမယ်လို့ အကြံပြုလိုပါတယ်။

**မေး။** ။မြန်မာနိုင်ငံက ပြည်သူတွေကိုရော ကမ္ဘောဒီးယားနိုင်ငံရဲ့ ပြန်ကြားရေးဝန်ကြီးက ဘယ်လိုသတင်းစကားပါးချင်ပါသလဲရှင့်။

**ဖြေ။** ။ကမ္ဘောဒီးယားနဲ့ မြန်မာနိုင်ငံက အတော်များများ ဆင်တူတယ်လို့ ပြောခဲ့ပြီးပါပြီ။ နှစ်နိုင်ငံစလုံးက သမိုင်းကြောင်းကြွယ်ဝပြီး ယဉ်ကျေးမှုဓလေ့ထုံးစံတွေကလည်း စိတ်ဝင်စားစရာကောင်းပါတယ်။ ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ သာယာဝပြောရေးအတွက် အတူလက်တွဲလုပ်ဆောင်ပြီး အချင်းချင်းသင်ယူရင်းနဲ့ အပြန်အလှန် ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးပေးသွားမယ်လို့ ယုံကြည်ပါတယ်။ ။

## ပန်းတောင်းမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် ဆီထွက်သီးနှံ ဗီယက်နမ်မြေပဲမျိုးနှင့် စိုက်ပျိုးရေးသွင်းအားစုပေးအပ်ပွဲ ကျင်းပ

**ပန်းတောင်း အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ၂၀၂၃-၂၀၂၄ ခုနှစ် ဆီထွက်သီးနှံ ဗီယက်နမ်မြေပဲမျိုးနှင့် စိုက်ပျိုးရေးသွင်းအားစုပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရက တောင်သူများ စားသုံးဆီဖူလုံမှုရရှိစေရေးနှင့် အထွက်နှုန်းကောင်းမွန်သည့် ဗီယက်နမ်မြေပဲမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးကို အလေးထား ပူးပေါင်းဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များနှင့် သမာဓိကုမ္ပဏီ တာဝန်ရှိသူတို့က ဆီထွက်သီးနှံ(ဗီယက်နမ်မြေပဲမျိုး)နှင့် စိုက်ပျိုးရေးသွင်းအားစုများအား တောင်သူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၆၅၆ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၁၉-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၈-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၆၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြည်တော်သာရပ်ကွက် ဝါးရုံတောသာသနပါလ ပရိယတ္တိစာသင်တိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် ဒေါက်တာဘဒ္ဒန္တဝိသုတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) မထေရ်မြတ်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြည်တော်သာရပ်ကွက် ဝါးရုံတောသာသနပါလ ပရိယတ္တိစာသင်တိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် ဒေါက်တာဘဒ္ဒန္တဝိသုတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) သက်တော် (၆၈)နှစ် သိက္ခာ (၄၈)ဝါရှိ မထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ် သီတင်းကျွတ်လဆန်း (၄)ရက် အောက်တိုဘာ ၁၈ ရက် ဗုဒ္ဓဟူးနေ့ ည ၁၁ နာရီ ၄၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ပြည်တော်သာရပ်ကွက် လှည်းကူးမြို့နယ် ဝါးရုံတောသာသနပါလ ပရိယတ္တိစာသင်တိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော် ဒေါက်တာဘဒ္ဒန္တဝိသုတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် အုန်းတောမြောက်ကျေးရွာ ခမည်းတော် ဦးဘကြူး + မယ်တော် ဒေါ်စောမေတို့မှ ၁၃၁၇ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၂၈ ခုနှစ် ဝါဆိုလဆန်း ၈ ရက်နေ့တွင် ပေါက်မြို့နယ် အုန်းတောမြောက်ကျေးရွာ သာသနတ္ထ ကာရီကျောင်းဆရာတော် ဘဒ္ဒန္တပညာသာရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၃၈ ခုနှစ် နယုန်လပြည့်ကျော် ၇ ရက်နေ့တွင် ပခုက္ကူမြို့ မဟာဝိဇယာရာမ(အရှေ့တိုက်) ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒကို ဥပဇ္ဈာယ်ပြုလျက် အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာ ဒေါ်စောမြ၊ သမီး ဒေါ်ကျင်ဆုန်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ပေါက်မြို့နယ် အုန်းတောမြောက်ကျေးရွာ သာသနတ္ထကာရီကျောင်း ဆရာတော် ဘဒ္ဒန္တပညာသာရ ရေစကြိုမြို့ သီရိမဟာမင်္ဂလာမြို့သာကျောင်းတိုက် ဆရာတော်များ၊ ပခုက္ကူမြို့ မဟာဝိဇယာရာမ(အရှေ့တိုက်)ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက် ဆရာတော်များ၊ ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက် ဆရာတော်များနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)မှ သင်ကြား-စီမံဆရာတော်များစသော ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့၊ ဝိနယပါဠိ ပါရဂူဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့၊ Ph.D (အိန္ဒိယ)ဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းဌာန၌ သင်ကြားရေးရာဌာနစုမှူး တာဝန်၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၄ ခုနှစ်ထိ ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန၌ ကထိကတာဝန်၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်ထိ နီပေါနိုင်ငံ လုမ္ဗိနီဒေသ မြန်မာရွှေကျောင်းတော်ကြီး၏ ပဓာနနာယက တာဝန်တို့ကို ထမ်းဆောင်တော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ၂၀၁၈ ခုနှစ်မှစ၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ၂၀၂၂ ခုနှစ်မှစ၍ ယနေ့အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်အဖြစ် သာသနာ့တာဝန်များကိုထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနစရာဝဟဂုဏ်၊ ရတ္တညူမဟာ နာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၂၃ ခုနှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၆၈)နှစ် သိက္ခာတော်(၄၈)ဝါအရ ၁၃၈၅ ခုနှစ် သီတင်းကျွတ်လဆန်း ၄ ရက် (၁၈-၁၀-၂၀၂၃) ဗုဒ္ဓဟူးနေ့ ည ၁၁ နာရီ ၄၅ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**



## ခန္တီးမြို့နယ်၌ နာဂဒေသအတွက်ပြန်လည်ဖြန့်ဖြူးရန် စိုက်ပျိုးထားသော ယာစပါးမျိုးသန့်မျိုးပွားစံပြကွက်များ ရိတ်သိမ်း

**ခန္တီး အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ခန္တီးခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးတို့မှ ဝန်ထမ်းများနှင့်မိတ်ဖက်ဌာနဖြစ်သည့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများပေါင်းစပ်၍ ခန္တီးမြို့နယ် ပေါမိုင်းရပ် တောင်သူ ဒေါ်စိန်လှနွယ်၏ ကွင်းအမှတ်(၄) ဦးပိုင်(၃၄)စိုက်ကွင်းနှင့် တောင်သူ ဦးကျော်မင်း၏ ကွင်းအမှတ်(၄) ဦးပိုင်(၁၄)စိုက်ကွင်းများ၌ နာဂဒေသအတွက်ပြန်လည်ဖြန့်ဖြူးရန် စိုက်ပျိုးထားသော ယာစပါးမျိုးသန့်မျိုးပွားစံပြကွက်များတွင်စံကွက်ရိတ်သိမ်းခြင်းကိုယမန်နေ့က ပြုလုပ်ခဲ့သည်။

**ဖြန့်ဖြူးရောင်းချသွားမည်**

အဆိုပါမျိုးပွားစိုက်ပျိုးထားသော ယာစပါး(ခေါ်ပဲ) မျိုးသန့်မျိုးပွားစံပြကွက်များတွင် စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ တစ်ဧကလျှင် ယာစပါးမျိုးစေ့ခန့်မှန်း(အစို)အထွက်အနေဖြင့် ၃၅ တင်းနှင့် ၄၀ တင်း ရရှိခဲ့သည်။ ထို့နောက်၂၀၂၃-၂၀၂၄ စိုက်ပျိုးရာသီတွင် ခန္တီးမြို့နယ်အတွင်း၌ နာဂဒေသသို့ဖြန့်ဖြူးရန် တောင်ယာစပါးမျိုးလေးမျိုးအား မျိုးသန့်မျိုးပွားစံပြကွက် ၁၀ ဧကဖြင့် မျိုးပွားစိုက်ပျိုးထားရာ ကျန်ယာစပါးမျိုးများကိုလည်း စံကွက်များဆက်လက်ရိတ်သိမ်းသွားမည်ဖြစ်ပြီး အဆိုပါ ထွက်ရှိလာသောယာစပါးမျိုးစေ့များကို လာမည့်စိုက်ပျိုးရာသီ၌ နာဂဒေသစားရေရိက္ခာဖူလုံရေးအတွက် ပြန်လည်စိုက်ပျိုးရန် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**အေးခိုင်(ပြန်/ဆက်)**

## အုတ်တွင်းမြို့နယ်၌ ကြံလမိုင်းခင်းအထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် စနစ်တကျခုတ်သိမ်းခြင်း နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

**အုတ်တွင်း အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျွဲပွဲဇုန်အတွင်းရှိ တင်းကုတ်တန်းကျေးရွာ၊ ညောင်လွင့်ကျေးရွာ၊ မြေစီးကျေးရွာ၊ ညောင်ခြေထောက်ကျေးရွာ၊ ဘုရားနှစ်ဆူ ကျေးရွာနှင့် ဂုံမင်းသာကျေးရွာအုပ်စုအတွင်းရှိ ကြံစိုက်တောင်သူများအား ကြံလမိုင်းခင်းအထွက်နှုန်း တိုးတက်အောင်ဆောင်ရွက် ပြင်ဆင်ရမည့် လုပ်ငန်းစဉ်များနှင့် ကြံလမိုင်းခင်းအတွက် ကြံစနစ် တကျခုတ်သိမ်းခြင်း နည်းပညာ ပေးဆွေးနွေးခြင်းကို ယနေ့နံနက် ၉ နာရီက တင်းကုတ်တန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းဓမ္မာရုံ၌ ကျင်းပသည်။



**ပြန်လည်ဆွေးနွေး**

ဦးစွာ မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညီညီက အမှာစကား ပြောကြားပြီး ဖြူးမြို့နယ်ညောင်ပင်သာကျေးရွာ ကြံသုတေသနခြံမှ ဦးစီးအရာရှိ ဦးသိန်းဆွေက ကြံနှင့်ပတ်သက်သည့် နည်းပညာများ ဆွေးနွေးခဲ့ရာ တက်ရောက်လာသည့် ကြံစိုက်တောင်သူများက သိရှိလိုသည်များမေးမြန်းခဲ့ပြီး တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပေးခဲ့ကြသည်။

**ဆောင်ရွက်ပေး**

အဆိုပါအခမ်းအနားသို့ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးညီညီနှင့်ကော်မတီဝင်များ၊ ကျေးရွာခြောက်ရွာမှ ကြံစိုက်တောင်သူများ တက်ရောက်ကြပြီး ကြံလမိုင်းခင်းအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်း အသိပညာပေး လက်ကမ်းစာစောင်များအား ကြံစိုက်တောင်သူများထံသို့ တာဝန်ရှိသူများက ဖြန့်ဝေဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

❍ MNL မှ

ပွဲစဉ် (၁၅) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၄၁ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၃၇ မှတ်၊ ဟံသာဝတီအသင်းက ၂၅ မှတ်၊ မဟာယူနိုက်တက်အသင်းက ၂၂ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၁ မှတ်၊ မြဝတီအသင်းက ၁၉ မှတ်၊ ဒဂုံစတားနှင့် ရတနာပုံအသင်းက ၁၈ မှတ်စီ၊ ရခိုင်ယူနိုက်တက်အသင်းက ၁၇ မှတ်၊ ဧရာဝတီအသင်းက ၁၅ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၁၀ မှတ်၊ GFA အသင်းက ရှစ်မှတ် ရရှိထားသည်။

MNL ပြိုင်ပွဲကို မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာ ယူ-၂၃ အသင်းတို့၏ နိုင်ငံတကာပြိုင်ပွဲများကြောင့် နှစ်လကျော်ကြာ ရပ်နားပြီး ပြန်လည်ကျင်းပခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်သည် လက်ကျန်ပွဲများကျင်းပမည့်ရက်ကို အောက်တိုဘာ ၁၈ ရက်က အတည်ပြုထုတ်ပြန်ခဲ့ပြီး ဒီဇင်ဘာတတိယပတ်မှ ပြီးဆုံးမည်ဖြစ်သည်။ ယခုရာသီ MNL ပြိုင်ပွဲကို နိုင်ငံတကာပြိုင်ပွဲများကြောင့် ကာလရှည် နှစ်ကြိမ်ရပ်နားခဲ့သလို ပွဲစဉ်ကျင်းပမည့်ရက် အပြောင်းအလဲများကိုလည်း မကြာခဏပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MNL**

❍

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁၉**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး နှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ် သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၉-၁၀-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
| --- | --- | --- |
| ၆၉၂၇။ | ဗိုလ်မှူးကြီး ဒေါက်တာလှဘူး(ငြိမ်း)နှင့်ဇနီး (ဒေါ်မူမူ)မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၆၉၂၈။ | မိဘနှစ်ပါးနှင့် ဦးမြင့်သိန်းထွန်းတို့အားရည်စူး၍ ဒေါ်ခင်ဝင်းမာနှင့်မောင်နှမတစ်စုကောင်းမှု | ၁၀၀၀၀၀၀ |
| ၆၉၂၉။ | ကွယ်လွန်သူ ဦးတင်ညွန့်အားရည်စူး၍ ဇနီး ဒေါ်ခင်ရီမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၆၉၃၀။ | အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အေးမြတ်နွယ် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၉၃၁။ | ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်ဆင်ရေးနှင့် သုတေသနဌာန(သုတေသနဌာနခွဲ)မှ အရာရှိ၊ စစ်သည်များကောင်းမှု | ၅၀၀၀၀၀ |
| ၆၉၃၂။ | ဦးဝင်းဖေနှင့်ဇနီး ဒေါ်စန်းစန်းလွင်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၉၃၃။ | ဦးညီညီထွေးနှင့်ဇနီး မငုဝါဖြိုးမိသားစုကောင်းမှု | ၃၇၀၀၀၀ |
| ၆၉၃၄။ | ဦးမြတ်ဆွေနှင့်ဇနီးဒေါ်ခင်ခင်ဝင်း၊ (သမီး) မစုလင်းမြတ်ဆွေမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၆၉၃၅။ | ဦးအောင်သူဟိန်း(ပန်းတနော်မြို့နယ်၊ မြို့နယ်တရားသူကြီး)နှင့်ဇနီး ဒေါ်သက်သက်ခိုင်၊ (သမီး) မသင်းသီရိအောင်မိသားစုကောင်းမှု | ၁၈၀၀၀၀ |
| ၆၉၃၆။ | ဦးနေစိုးနှင့်ဇနီး ဒေါ်စံပယ်မြိုင်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၆၉၃၇။ | ဦးတင်ထွဋ်နှင့်ဇနီး ဒေါ်သိမ့်သိမ့်စိုးမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၆၉၃၈။ | ဦးတင့်လွင်နှင့်ဇနီး ဒေါ်အေးအေးဆွေ၊ (သမီး) မမေသဥ္ဇာစိုးမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၆၉၃၉။ | ကွယ်လွန်သူ ဦးခင်မောင်အုန်းအားရည်စူး၍ ဇနီး ဒေါ်သိန်းသိန်းတင်၊ (သား) ဗိုလ်ကြီးပြေငြိမ်းမောင်၊ (သားငယ်) မောင်ဇော်သိန်းမောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၄၀။ | ကွယ်လွန်သူ ဦးအောင်ကြည်အားရည်စူး၍ ကျန်ရစ်သူ ဒေါ်ရင်ရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၄၁။ | ဦးစန်းဝင်းနှင့်ဇနီး ဒေါ်စုရည်လှဲ့၊ (သား) မောင်အောင်မြတ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၄၂။ | ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီးနီလင်းအောင်နှင့်ဇနီး ဒေါ်လှဲ့လှဲ့မာမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၉၄၃။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဒုတိယဗိုလ်မှူးကြီးသန်းထိုက်(ငြိမ်း) နှင့် ဗိုလ်မှူးဒေါ်ခင်စန်းသွင်(ငြိမ်း)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၄၄။ | ဗိုလ်မှူးမျိုးအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၄၅။ | ဗိုလ်ကြီးတင်လှိုင်နှင့်ဇနီး ဒေါ်မူမူသန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၄၆။ | ဦးစံငြိမ်းနှင့်ဇနီး ဒေါ်မြဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၄၇။ | ကိုသက်နိုင်နှင့်ဇနီး ဒေါ်အေးစုမွန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၄၈။ | ဒေါ်အပြုံး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၄၉။ | ဒေါ်နွယ်နွယ်အောင်(ခ)ဒေါ်သိန်းတန်အားရည်စူး၍ ခင်ပွန်း ဦးစိုးအောင်၊ (သမီး) ဒေါ်တင်နှင်းအောင်၊ (သား) ဦးစိုးသူရအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၉၅၀။ | ဦးစည်သူနိုင်နှင့်ဇနီး ဒေါ်အေးမြနှင်း မိသားစုကောင်းမှု | ၇၀၀၀၀ |
| ၆၉၅၁။ | နည်းပညာတက္ကသိုလ်(တောင်ငူ) စက်မှုအင်ဂျင်နီယာဌာနမှ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများကောင်းမှု | ၅၁၀၀၀ |
| ၆၉၅၂။ | ကွယ်လွန်သူ မိဘနှစ်ပါးအားရည်စူး၍ (သမီး) ဒေါ်သင်းသင်းဆွေကောင်းမှု | ၅၀၀၀၀ |
| ၆၉၅၃။ | ကိုကျော်သူအောင်နှင့်ဇနီး မမြင့်မြင့်မော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၅၄။ | ဒုတိယဗိုလ်မှူးကြီးနေဝင်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၅၅။ | ဦးညီညီအောင်အားရည်စူး၍ ဒေါ်မြင့်မြင့်သိန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၅၆။ | ဦးတင်မောင်နှင့်ဇနီး ဒေါ်မြလေးတို့အားရည်စူး၍ ဦးဇော်ဝင်းနှင့်ဇနီး ဒေါ်တင်တင်ဆွေ၊ (သမီး) မချယ်ရီဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၅၇။ | ဦးသိန်းဇော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၅၈။ | ဦးကျော်မြတ်သူနှင့်ဇနီး ဒေါ်ယဉ်ယဉ်ငွေ၊ (သမီး) မပြည့်မှူးကို၊ မပြည့်မှူးမောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၅၉။ | ဦးမောင်ပြုံးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၆၀။ | ဦးမြတ်ထွဋ်နှင့်ဇနီး ဒေါ်သီတာလွင်၊ (သမီး) မနှင်းယွန်းအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၆၁။ | ဦးတင်ထွန်းနှင့်ဇနီး ဒေါ်ယဉ်ယဉ်ထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၆၂။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်ခင်လေးနွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၆၃။ | ဦးသန်းဦးနှင့်ဇနီး ဒေါ်တင်တင်ဝင်းမိသားစုကောင်းမှု | ၇၀၀၀၀ |
| ၆၉၆၄။ | ဦးခင်ဦးနှင့်ဇနီး ဒေါ်တင်တင်မြင့်တို့အားရည်စူး၍ (သား) မောင်မျိုးအောင်၊ (သမီး) မခင်ရွှေဦး၊ (မြေး) မောင်ကျော်ဇင်ငြိမ်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၆၅။ | ဦးအောင်မင်းနှင့်ဇနီး ဒေါ်ငွေးမြင့်၊ (သား) မောင်မင်းသန့်(အောင်ကျော်မင်းဆောက်လုပ်ရေးနှင့် မင်းသန့်မြန်မာ့အောင်မြေဆောက်လုပ်ရေး)မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၆၆။ | ဦးမောင်ဖေနှင့်ဇနီး ဒေါ်မြသီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၆၇။ | ဒေါ်ပြုံးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၆၈။ | အုပ်ခွဲတပ်ကြပ်ကြီးရဲမင်းထွန်းနှင့်ဇနီး ဒေါ်အေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၆၉။ | ဦးဝင်းသိန်းနှင့်ဇနီး ဒေါ်လှလှဝေ (သမီး) Dr ခိုင်ဆုနွယ်၊ မဖြူသိန်းထက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၇၀။ | နှစ်ဖက်မိဘများအားအမှူးထား၍ Dr ကျော်ကိုကိုဝင်း နှင့်ဇနီး Dr ခိုင်ဦးဇင်၊ (သား) ကျော်ဇမ္ဗူဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၇၁။ | ကွယ်လွန်သူ ဒေါ်နှင်းရီအားရည်စူး၍ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၇၂။ | မောင်သန့်၊ မောင်ကျော်၊ မောင်သူနှင့် မောင်သော် ညီအစ်ကိုတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၆၉၇၃။ | ဦးပြည့်ဖြိုးလင်းနှင့်ဇနီး ဒေါ်စန္ဒာအောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၉၇၄။ | ဦးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းငွေးမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/ဒက္ခိဏသီရိရပ်၊ မြေကွက်အမှတ်(ဒ-၁၁၃၆)၊ မြေဧရိယာ(၀.၃၃၀)ဧကရှိ ဦးမင်းသိခ်(ဘ)ဦးချစ်ငွေ[၁/ရကန(နိုင်)၀၃၇၃၂၆]အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးမင်းသိခ် ထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်-(၅၁၆၁/၂၀၂၂)၊ (၂၀-၁၀-၂၀၂၂)ရရှိထားသူ ဦးသန်းစိုး(ဘ)ဦးအောင်ဆန်းဦး[၉/ပမန(နိုင်)၁၂၂၉၉၇]မှ ဦးကိုကြီး(ဘ) ဦးဘဆွေ[၁၂/မဂဒ(နိုင်)၀၁၆၅၃၀]နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ဦးကြည်လွင်(ခ)ဦးကြီးရွှေ [၁၂/သကတ(နိုင်)၀၂၉၉၄၆] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၃၉၄၄၅၇**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အလက(လယ်ကုန်း-၄)၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဋ္ဌမတန်းတွင် တက်ရောက်ခဲ့သော **မချာလီအောင်၏** ဖခင်အမည်မှန်မှာ **ဦးဂဲတီဝူ**[၁/မကန(နိုင်)၀၉၀၈၆၇] ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ရေဦးမြို့၊ အထက(ရွာဗုကြီး)၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် နဝမတန်းတွင် တက်ရောက်ခဲ့သော **မချာလီအောင်၏** ဖခင်အမည်မှန်မှာ **ဦးဂဲတီဝူ**[၁/မကန(နိုင်)၀၉၀၈၆၇]ဖြစ်ပါသည်။

## မွန်ပြည်နယ်၊ ကျိုက်ထိုမြို့
## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဗုဒ္ဓပူဇနိယပွဲတော်ကြီး



သာသနာတော်နှစ် ၂၅၆၇ ကောဇာသက္ကရာဇ် ၁၃၈၅

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်အတွင်းရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့မှ ၁၃၈၆ခုနှစ်၊ ကဆုန်လပြည့်နေ့အထိ) ၂၉-၁၀-၂၀၂၃ ရက်မှ ၂၂-၅-၂၀၂၄ ရက်အထိ (၇)လတိုင်တိုင် ကျိုက်ထီးရိုးရင်ပြင်တော်ပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့**
**ကျိုက်ထိုမြို့**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈၂)ရပ်ကွက်၊ အကွက်အမှတ်(H)၊ ဦးပိုင်အမှတ်(၁၆)၊ ၆၈ x ၆၉လမ်းကြား၊ ဖိုးရာဇာလမ်းနှင့် ဦးပုညလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးဝင်း(ခ)စိုးမြင့်၊ ဒေါ်တွမ်ပူးချင်(ခ)နန်းခင်နှင်းရီ တို့(၂)ဦးအနက် ဇနီးဖြစ်သူ ဒေါ်တွမ်ပူးချင်(ခ)နန်းခင်နှင်းရီကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၅၃၄/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သောခင်ပွန်းဖြစ်သူ ဦးစိုးဝင်း(ခ)ဦးစိုးမြင့်[၉/မရမ(နိုင်)၀၇၈၄၅၄]က အမှုတွဲအမှတ်(၄၉၇၂/၂၀၂၃-၂၀၂၄) ဖြင့် သက်တမ်းတိုး/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ၊ အမှတ်-၁၇၀၃၊ တိုက်-1 B၊ (၁၂၀၀)စတုရန်းပေအကျယ်ရှိ Condo တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင်ထံမှ ဝယ်ယူထားပြီး စရန်ငွေလက်ခံခွင့်ရှိသူ ဦးစောဖေမိုးအောင်[၁၂/အစန(နိုင်)၀၂၈၅၀၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ Condo တိုက်ခန်း အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းမာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၅၀)**
**အမှတ်-၂၈၇/က၊ စပ်စံထွန်းလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၁၆၀၄၈၀**

### ဒေါ်သဥ္ဇာအောင်စိုး (ဘ-ဦးအောင်စိုးနိုင်) [၁၁/သတန(နိုင်)၀၆၈၂၄၆] နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသောင်းဝင်း(ဘ-ဦးသိန်းအောင်)[၁၂/ရကန(နိုင်)၀၄၆၄၇၁] ၏ လွှဲအပ်ချက်အရ သိစေအပ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေ ဦးသောင်းဝင်းနှင့် ဒေါ်သဥ္ဇာအောင်စိုးတို့မှာ (၁၇-၁၁-၂၀၂၁)ရက်တွင် တရားဝင် မင်္ဂလာဆောင်၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ သား အောင်အောင်ကောင်းမြတ် ရရှိခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့မိတ်ဆွေ ဦးသောင်းဝင်းမှာ နိုင်ငံခြားသင်္ဘောသားအဖြစ် ဇနီးဖြစ်သူနှင့် သားတို့အား အိုးပိုင်အိမ်ပိုင်နှင့်ကောင်းမွန်စွာ ရှာဖွေကျွေးမွေး စောင့်ရှောက်သူဖြစ်ပါသည်။ နိုင်ငံရပ်ခြားသို့ သင်္ဘောသားအဖြစ် ကောင်းစွာလုပ်ကိုင်ရှာဖွေကျွေးမွေးခဲ့ပါသည်။ အိမ်တွင်ကျန်ခဲ့သူ ဒေါ်သဥ္ဇာအောင်စိုး မှာ အမျိုးမျိုးသော အကြောင်းများပြ၍ ရှာဖွေသမျှမလောက်အောင် အကြိမ်ကြိမ်အခါခါ ဖြုန်းတီးသူဖြစ်သော်လည်း ကျွန်ုပ်မိတ်ဆွေမှ သည်းခံခွင့်လွှတ်ခဲ့သည်မှာ အကြိမ်ကြိမ်ဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေ နိုင်ငံခြားသင်္ဘောလိုက်နေစဉ်အတွင်း ၎င်းအား ဆင်ထားသော ရွှေထည်ပစ္စည်းများ ကျွန်ုပ်မိတ်ဆွေ၏ ငါးမူးသား ရွှေလက်စွပ်တစ်ကွင်း၊ သန်းခေါင်စာရင်း၊ ကျွန်ုပ်မိတ်ဆွေ၏ မှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စင် အဝတ်အစားများ၊ အိမ်ရှိ တီဗွီ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်နှင့် အိုးခွက် ပန်းကန် အိမ်ထောင်ပရိဘောဂများကို အားလုံးယူ၍ တိုက်ခန်းပိုင်ဆိုင်မှု စာချုပ်စာတမ်းများ အတုပြုလုပ်ပြီး သိန်း ၂၅၀ နှင့် ပေါင်နှံထွက်ပြေး တိမ်းရှောင်သွားကြောင်း သိရပါသည်။ သတင်းကြားလျှင်ကြားချင်း ကျွန်ုပ်မိတ်ဆွေ မြန်မာနိုင်ငံသို့ပြန်လာ၍ တိုက်ခန်းပိုင်ဆိုင်မှု စာချုပ်စာတမ်းအစစ်များမှာ လုံခြုံအောင် အခြားတစ်နေရာတွင် သိမ်းထားခဲ့သဖြင့် ယခုအခါ ကျွန်ုပ်၏မိတ်ဆွေလက်ဝယ်ရှိပါကြောင်းနှင့် အဆိုပါတိုက်ခန်းမှာ ကျွန်ုပ်မိတ်ဆွေနှင့် ဒေါ်သဥ္ဇာအောင်စိုးတို့ နှစ်ဦးပိုင်ဆိုင်သဖြင့် ၎င်းတစ်ဦးတည်းဆန္ဒနှင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်းတို့ကို ပြုလုပ်၍ တရားမဝင်ပါကြောင်း ဒေါ်သဥ္ဇာအောင်စိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

အမှတ်(၆၁၈)၊ (ပထမထပ်)၊ သီတာရေစင်လမ်း၊ (၁၆/၄)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ဟု ခေါ်တွင်သော အဆိုပါ တိုက်ခန်းနှင့်ပတ်သက်သည်ဟု အဆိုရှိလာပါလျှင် ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ (၁၄)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့် လာရောက်ပြသဖြေရှင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသောင်းဝင်း၏ လွှဲအပ်ချက်အရ**
**ဦးတင်မောင်မောင်ဦး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၀၈)(၁၀-၅-၂၀၁၀)**
**Ph:09-675577708, 09-895577708**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တိုက်အမှတ်-၄၂(စီ) အဆောက်အဦ၏ခြေရင်းဘက်ခြမ်း(အခန်း)၊ (အလျား ၂၆' x အနံ ၅၅')ရှိ မြေညီထပ် (B)နှင့် မြေအောက်ထပ်အခန်း (၂)ခန်းအပါအဝင်** ၎င်းတိုက်ခန်းနှင့်ဆက်စပ်သော အကျိုးခံစားခွင့်များအားလုံးကို လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသော အဆိုပါတိုက်ခန်းပိုင်ရှင် ဦးမောင်မောင်ရင် [၁၂/လသန(နိုင်)၀၀၃၉၀၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက လွှဲပြောင်းဝယ်ယူရန်အတွက် (၁၂-၁၀-၂၀၂၃) ရက်နေ့တွင် စရန်ငွေများပေးချေထားခဲ့ပြီးဖြစ်ပါသည်။ တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားပြည့်စုံစွာဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်၍ကန့်ကွက်နိုင်ပါသည်။ အကျိုးအကြောင်းခိုင်လုံစွာ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းထွဋ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၅၈၇၃)**
**အမှတ်(၄၈၃)၊ အေးရိပ်သာကွန်ဒို၊ အေးရိပ်သာ(၂)လမ်း၊**
**တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်။ ဖုန်း-၀၉-၅၀၆၂၈၅၂**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီ(၂)လမ်း(မြောက်)၊ အမှတ်(၆၅)၊ (၅)ထပ်တိုက်အဆောက်အဦ၏ ပဉ္စမထပ်၊ (၆)လွှာတိုက်ခန်းနှင့် အကျိုးခံစားခွင့်များအားလုံးကို အရောင်းအဝယ်စာချုပ်ဖြင့် လွှဲပြောင်းပိုင်ဆိုင်ကာ လက်ရှိရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ခင်ကျော်[၁၂/သဃက(နိုင်)၀၆၃၃၉၁]က ၎င်းတစ်ဦးတည်းသာပိုင်ဆိုင်ပြီး အရှုပ်အရှင်းလုံးဝမရှိ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုသဇင်မင်း[၁၂/သလန(နိုင်)၁၂၇၉၈၄]မှ ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အကျိုးသက်ဆိုင်သူများအနေဖြင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ (၂၇-၁၀-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ ကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ကာ တိုက်ခန်းအား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်သဲပွင့်ဖြူ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၅၈၆)**
**အမှတ်(၄၃၅)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။**
**Ph:09-400874300**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၇)လမ်း၊ ဦးပိုင်အမှတ်-၆၊ မြေကွက်အမှတ်- ၉၂၃၊ ၃ ခန်းတွဲ၊ အာစီ ၆ ထပ်တိုက်၏ အပေါ်ဆုံးထပ်၊ ၆-လွှာ/ဘီ (အလယ်ခန်း)၊ ၁၆ ပေ x ၅၁ ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဦးအောင်ခန့်ကျော် [၁၂/ကမတ(နိုင်)၀၇၅၉၃၉]က ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေယမင်း [၁၂/ဗတထ(နိုင်) ၀၃၄၅၄၁]ကိုင်ဆောင်သူက လက်ရောက် အပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝေယမင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၅၀)**
